


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# အားမငယ်ကြပါနဲ့ တရားကဆောင်ပါလိမ့်မယ်

၄၆

ဟောကြားသည့်နေ့
(၁၁ - ၁၀ - ၅၆)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# အားမငယ်ကြပါနဲ့

# တရားကဆောင်ပါလိမ့်မယ်

(၁၁-၁၀-၅၆)

စာမူခွင့်ပြုချက်အမှတ် - ၃၁၄/၉၉ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀/၉၉ (၆)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏

## အမှာစာ

ဤတရားတော်သည် အမျိုးသမီးယောဂီများအတွက် မှတည် ဟောကြားထားသည်ကို တွေ့ရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော် (၁၁-၁၀-၅၆) က မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သောတရားတော်ဖြစ်ပါသည်။ လူကြိုက်အများဆုံး၊ အခွေအကူးရဆုံး၊ တရားတော် တစ်ပုဒ်ဖြစ်ပါသည်။ အကြောင်းအရာစုံလင်သည်။ ဒကာ ဒကာမများ တရားအားထုတ်လိုစိတ်၊ သဒ္ဓါတရား တိုးပွားလိုစိတ်များအောင် အားပေးထားသော တရားတော်ဖြစ်ပါသည်။

မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါး တရားတော်တို့ကို လွယ်ကူသော စကားများသုံး၍ အခြေခံက စပြီး စိတ်ရှည်စွာ ချီးမြှောက်တော်မူထားပါသည်။

တရားနာ ယောဂီများထဲမှ အများစုဖြစ်သော ဒကာမ အရင်းအချာများ၏ အမည်နာမများကို ထုတ်ဖော်ပြီး ရင်းနှီးပွင့်လင်းစွာ ဆုံးမတော်မူထားပါသည်။ အထူးသဖြင့် ဝေဒနာနုပဿနာ တရားတော်ကို အသေးစိတ် ဟောကြားဆုံးမထားသည်မှာ အလွန်ပင် ကောင်းမွန်လှပါသည်။

ဤတရားတော်၌ပင် ကြားရခဲသော ဇောတိက ဒကာမ၏ ဝတ္ထုကို ဗဟုသုတအဖြစ် ထည့်သွင်းဟောကြား၍ ခန္ဓာရှိလျှင် ဒုက္ခသစ္စာ အမှန်ဖြစ်ကြောင်း ဆုံးမထားပါသည်။

ဤတရားတော်ကို မိုးကုတ်ယောဂီများအတွက် သဒ္ဓါတရားများစေရန်၊ ဝီရိယအားထုတ်မှုမလျှော့စေရန်နှင့် ဝိပဿနာဉာဏ်ပညာ ထက်မြက်စေရန် ရည်သန်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

၁၁-၁၀-၉၈ အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# အားမငယ်ကြပါနဲ့
# တရားကဆောင်ပါလိမ့်မယ်

(၁၁-၁၀-၅၆)

## ဘုန်းကြီးများနဲ့တွေ့တယ်ဆိုရင်

ဒကာ-ဒကာမတွေအတွက် အားရှိစရာ အချက်ကို ပြောပြပါ့မယ် (မှန်ပါ့ဘုရား) ဘုန်းကြီးများနဲ့ တွေ့တယ်ဆိုရင် ဖြင့် ကလျာဏမိတ္တ သူတော်ကောင်းနှင့် တွေ့လို့တို့သည်ကား ဆိုလို့ရှိရင် အရုဏ် တက်ပြီဆိုတာ မှတ်ထားကြပါ။

အရုဏ်တက်တယ်ဆိုတာ မနက်ထကြည့်ရင် သိပါတယ်။ ဩဘ် နီလာပြီ၊ အရုဏ်တွေ တက်လာတယ်။ နီတာဘာလဲလို့မေးရင် နေ၏ အရောင်တွေ ဖြာလာတာ (မှန်ပါ့)။

## အရဏ်တက်ပြီဆိုတာမှတ်ထားကြပါ

ဩြော်-- နေထွက်မလို့ပဲဆိုတာ ငြင်းဖို့လိုသေးသလား (မလို ပါဘူးဘုရား) ဒီမှာလဲ **ဆရာကောင်း သမားကောင်း နည်းကောင်း နည်းမှန်ပေးတဲ့ ဆရာနဲ့တွေ့ရင် အရုဏ်တက်ပြီ** (မှန်ပါ့)။

## ဘုန်းကြီးမရှိလည်း၊ အားငယ်စရာမလိုပါဘူး

ကိုယ့်ဟာကိုယ် ဒကာ-ဒကာမတွေက ဘုန်းကြီးမရှိငြားသော်လည်း ပွားများကြမယ်ဆိုရင် မဂ်တည်းဟူသော နေထွက်မယ်ဆိုတာ ဒကာစိန် ဘာမှ အားလျှော့စရာမလိုပါဘူး (မလျှော့ပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အရုဏ် တက်ပြီးတဲ့ ပုဂ္ဂိုလ်နေထွက်ပါစေလို့ ဆုတောင်းရသေးသလား (မတောင်းရပါဘုရား)။

ဩြော်--အရုဏ်တက်တယ်ဆိုရင် နေကြီးကနောက်က လိုက်လာတာပဲ၊ ဒီမှာလဲ ဘုန်းကြီးက ရှေ့ကနေ ဝိပဿနာ ဉာဏ်တွေ ပေးပြီး ဝေဒနာတွေ ရှုကြပါ ရှုကြပါလို့ အမျိုးမျိုးအဖုံဖုံသော တရားတွေ ဟောပြီး ပေးသွားတဲ့အတွက်၊ ခင်ဗျားတို့ သန္တာန်၌ ကိလေသာ အမှောင်ခာတ်တွေ ငြိမ်းပြီးသကာလ မဂ်တည်းဟူသော အရောင်ခာတ်တွေ ယှက်သန်းပြီး လာပါလိမ့်မယ် (မှန်ပါ့)။

## အားထုတ်မှုသာ မလျှော့နဲ့ အသေအချာရရမယ်

ထိုကဲ့သို့ လာခဲ့သည်ရှိသော် တို့သည်မှောင်သော မည်းသော အပါယ် လေးပါး ဒုက္ခမျိုးစုံ ရနေတဲ့ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် တည်းဟူသော ဒုက္ခမျိုးစုံ အမှောင်ခေတ်တွေထဲမှ တို့သည် အလင်းတည်းဟူသော နိဗ္ဗာန်ကို သေသေချာချာ ကိုယ်ပိုင်ကိုယ်ဆိုင်ဖြင့် တို့ရတော့မှာပဲဆိုတာ အားထုတ်မှုသာ မလျှော့နဲ့။ အသေအချာ ရမယ် (မှန်လှပါဘုရား)။

အဲဒီတော့ ဘယ့်နှယ် ဟောလိုက်သလဲလို့ မေးတဲ့အခါကြတော့-

**'ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ၊ သတ္တာ ဝဿာနိ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ သဥပါဒိသေ သေ အနာဂါမိတာ'**

အဲဒီတော့ကိုတဲ့။ ဒကာ-ဒကာမတို့ သတိပဋ္ဌာန်အလုပ်ကို စွဲစွဲမြဲမြဲနဲ့ သွားရင်းလာရင်း နေရင်းထိုင်ရင်း ဒီလိုနဲ့ ဒကာ-ဒကာမတွေက ဝေဒနာတွေ ပေါ်တိုင်း ပေါ်တိုင်း ပွားပွားပြီး သကာလ အဖြစ်အပျက်တွေ တွေ့တွေ့နေပြီဆိုမှဖြင့် ဖြစ်ပျက် ဒုက္ခသစ္စာကြီးက ခန္ဓာကိုယ်ထဲမှာ ရှိသောကြောင့်၊ တခြားလဲ လှမ်းမကြည့်ရသောကြောင့် ဒကာစိန် ခန္ဓာကိုယ်ထဲ

မှာပဲ ကျုပ်ဟာ ဒုက္ခသစ္စာပါပဲလို့ ပြောပါလိမ့်မယ် (မှန်ပါ့ဘုရား)။

ခွေးသေကောင်ပုပ် တစ်ခုကို ပစ်ထားလိုက် ဒကာ-ဒကာမတွေက နေ့တိုင်းသာ ကြည့်ကြည့်နေလို့ရှိရင် ဒီခွေးဟာ ပုပ်တာပဲ၊ တော်တော်ကြာ အရည်ဖြစ်တာပဲ၊ ဗလဝကြွသွားတာပဲ၊ ကြည့်ပါ များတဲ့အခါကျတော့ သူ့သဘော အကုန်မပေါ်လာဘူးလား (ပေါ်ပါတယ်ဘုရား)။

## ဘုန်းကြီးကအကူအညီပါ

ဒီမှာလဲ ဒကာ-ဒကာမတို့ ဝေဒနာကို ရှုလိုက်ပြီဆိုမှဖြင့် ဝေဒနာသည်ကား ဆိုလို့ရှိရင်ဖြင့် ကျုပ်ဟာ အနိစ္စပါပဲ၊ ကျုပ်ဟာ ဒုက္ခပါပဲ၊ ကျုပ်ဟာ အနတ္တပါပဲ၊ ကျုပ်ဟာ အသုဘပါပဲဆိုတာ သူကပဲ ပြောပါလိမ့်မယ်။ ဘုန်းကြီးက အကူအညီသာ မှတ်ပါ (မှန်ပါ့)။

ဘုန်းကြီးက အကူအညီပါ။ ဒကာ-ဒကာမတွေက သေသေချာချာ မြင်ကြရပါလိမ့်မယ် (မှန်ပါ့ဘုရား) သေသေချာ ချာ မြင်တော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ သူက ဒုက္ခသစ္စာ ဖြစ်၍၊ ဒကာ-ဒကာမတွေ ဉာဏ်က မဂ္ဂသစ္စာဆိုတဲ့ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ မဂ်လေးခုကို ဒကာ-

ဒကာမတွေ ပါရမီအလိုက် တစ်ခါတည်း တန်းပြီး သကာလ ရပြီးသွားလို့ရှိရင်ဖြင့်၊ ဩော်- အိုပွဲတွေရော ငိုပွဲတွေရော သေပွဲတွေရော မွဲပွဲတွေရော ကွဲပွဲ တွေရောဆိုတာ အကုန် ဇာတ်သိမ်းပါလိမ့်မယ် (မှန်ပါ့) အဲဒါ ချမ်းသာဖို့ရန် အစစ် ကောန်ရပါလိမ့်မယ်လို့ ဆုံးဖြတ်ချက် ချကြပါ (မှန်ပါ့)။

**ဝိပဿနာလုပ်ရင် စိုးရိမ်မှုတွေ ချုပ်ငြိမ်းမယ်**

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ သူ တာဝန်ခံတာက မင်းတို့ကွာတဲ့။ ဝေဒနာနုပဿနာ လုပ်တဲ့ ဒကာ-ဒကာမတွေဆိုရင်ဖြင့် သောကဆိုတဲ့ စိုးရိမ်မှုတွေ အကုန်ချုပ်ငြိမ်းပါလိမ့်မယ်။

အခုတော့ သားပူ၊ မယားပူ၊ ဆွေပူမျိုးပူ၊ ခင်ပွန်းပူ ဆိုတာ ရှိကြသေးတာပေါ့ဗျာ (မှန်ပါ့) အဲဒီတော့ သတိပဋ္ဌာန် ခရီး မရောက်သေးလို့ပါတဲ့။ ရောက်တဲ့အခါကျတော့ သောကလဲ ပျောက်ပါလိမ့်မယ်တဲ့၊ ပရိဒေဝတွေလဲ ပရိဒေဝ ဆိုတဲ့ ငိုကြွေးမှုတို့ကိုလဲ လွန်မြောက်ပါလိမ့်မယ်။ **သောကပရိဒေဝါနံ သမတိက္ကမာယ။**

ဒုက္ခတွေရော ဘုရား အို-အိုတဲ့ဒုက္ခ၊ နာတဲ့ဒုက္ခ၊ သေတဲ့ဒုက္ခ။ ဒုက္ခတွေရော၊ ဒေါမနဿတွေရော **အတ္ထင်္ဂမာယတဲ့။** အကုန်ချုပ်သွားလိမ့်မယ်ကွတဲ့ (မှန်ပါ့ဘုရား)။

ဉာယဿ အဓိဂမာယ။ ဉာယဿ=နိဗ္ဗာန်ကို။ အဓိဂမာယ= ရခြင်းအကျိုးငှာလဲ၊ ဟောတိ=မုချဖြစ်ပါတယ်ကွာတဲ့ (မှန်ပ့ါ)။

## ဘိုးဘွားတွေလက်တွေ့တရား၊ရမသွားရှာကြဘူး

ဒါကြောင့် ဒကာ-ဒကာမတွေ ကံကောင်းလိုက်တာဆိုတာ ဘုန်းကြီးတို့ ပြောချင်ပါတယ်တဲ့။ ဘယ်လောက်ထိကံကောင်းလဲဆိုတော့ ခင်ဗျားတို့ ဘိုးဘွားတွေ သေကြေပျက်စီး ကုန်ကြငြားသော်လည်း ဒီလိုလက်တွေ့တရားရမသွားရှာကြဘူး ဒကာစိန်ရ (မှန်ပ့ါ)။

လက်တွေ့တစ်ခါတည်း ခန္ဓာထဲဉာဏ်ရောက်ပြီးသကာလအခုပဲ ဝမ်းထဲမှာ ငြိမ်းအေးပြီးသကာလ နိရောဓ မျက်မှောက်ပြုတာတွေဆိုတာ ဟောလဲ မဟောကြတော့၊ အားလဲ မထုတ်ကြတော့ ဒေါ်စန်းရေ ကြုံမသွား၊ ဆုံမသွားရရှာဘူး (မှန်ပ့ါ)။

အဲဒီတော့ ဒီဒကာ-ဒကာမတွေမှာဖြင့် ကံထူး၊ ဉာဏ်ထူး၊ ဘုန်းထူး၊ သမ္ဘာထူးတွေ ဘုန်းကြီးက ဒီဒကာ-ဒကာမတွေ ဘာဖြစ်လို့ ပြောရပါသလဲ ဆိုတော့ စစ်ဘေးကြီး ကျော်လာတာကြည့်။ ဗုံးအမျိုးမျိုးချတဲ့အထဲ ခင်ဗျားတို့ လွတ်လာကြတာမဟုတ်ဘူးလား (မှန်ပ့ါ)။

## တရားထူး၊ ဆရာထူးနဲ့ကြုံတွေ့ဖို့

စက်သေနတ်ဆိုတာသည် ပစ်လိုက်တဲ့အခါ ယမ်းတောင့်တစ်ခုနှင့်တစ်ခုကြားမှာ လက်ငါးလုံးလောက်ပဲ ကွာတာ (မှန်ပ့ါ) တစ်ခါတည်း အကုန်ပစ်၊ အဲဒီအထဲက ကပ်ကြီးတွေ ကျော်လာတာ။ ဩော်--ဒီလို တရားထူး၊ ဒီလို ဆရာထူးနဲ့ တွေ့ဖို့ကြုံဖို့ ကျန်ရစ်တာပဲဆိုတာ ဘုန်းကြီး ပြောတာ နည်းပါ သေးတယ်၊ ခင်ဗျားတို့ ကျန်ရစ်တာက ဒီထက် အဖိုးတန် ပါသေးတယ် (မှန်ပ့ါ)။

## ဘုန်းကံရှိတဲ့ ဒကာ–ဒကာမတွေမို့

ဒါကြောင့် အင်မတန် ဘုန်းကံရှိတဲ့ ဒကာ-ဒကာမ တွေမို့ အခါကောင်း အခွင့်ကောင်း ကြုံရတာ (မှန်ပ့ါ) တစ်ခါ ဒီ ဒကာ-ဒကာမတွေသည် မြို့နဲ့ဝေးတဲ့ တောတွေဘာတွေ မှာ အခုအခါမှာသာ နေရမယ်ဆိုရင် တောအစိုးရက တစ်မျိုး၊ မြို့ အစိုးရကတစ်မျိုးနဲ့ ညတစ်နေရာ အိပ်လို့ တစ်နေရာ ရွှေ့လို့ (မှန်ပ့ါ) ဒီဟာတွေနဲ့ အချိန်ကုန်နေမှာပဲ (မှန်ပ့ါ)။

## ဒီဆရာနဲ့ဆိုရင်ကျွတ်ထိုက်တယ်

အဲဒါတွေလဲ အခု အကုန်ကျွတ်လွတ်ပြီးသကာလ ဩော်- တို့ အေးအေးဆေးဆေးနဲ့ သူတော်ကောင်း

တရားချည်း အလုပ်လုပ်ပြီး ကိုးစားရာ၊ အားထားရာ လုပ်ပြီးသကာလ ဆရာကောင်း နဲ့လဲတွေ့။ ဉာဏ်ဆိုတာလဲ ဆရာသမား ပြောလိုက်တယ်ဆို ထင်စရာ ပြင်စရာ မရှိအောင်ဘဲ ပြောတတ်ဆိုတတ်တဲ့ ဆရာသမားနဲ့ တွေ့နေတော့ ဩော်-တို့ဟာဟော့ ဒီဘဝ ကျွတ်ထိုက်တယ်။ ဒီဘဝကျွတ်ထိုက်တယ် ဒီဆရာနဲ့ဆို ကျွတ်ထိုက်တယ် (မှန်ပါ့) ဆိုတဲ့ ဥစ္စာလဲ လောကီ လောကုတ် ပြီးပါလိမ့်မယ်။

## တရားသာအားထုတ်ပါ၊တရားကဆောင်ပါလိမ့်မယ်

လောကီမှာလဲ နေဖို့ ထိုင်ဖို့ စားဖို့ သောက်ဖို့ဆိုတာ တရားသာ အားထုတ်ပါ။ တရားက ဆောင်ပါလိမ့်မယ် (မှန်ပါ့)။

ဘာမှ အားမငယ်ပါနဲ့ မတူတို့ရ (မှန်ပါ့)။ ဒေါ်အုန်းခင်ကြီး ရိပ်မိပလား (မှန်ပါ့) အဲဒါကြောင့် ဘုန်းကံပါရမီ ရှိတယ်ဆိုတာလဲ စစ်ဘေးစစ်ဒဏ် အကျော်ခံလာရကတည်းက မသေချာဘူးလား (သေချာပါတယ်ဘုရား)။

## ခင်ဗျားတို့သန္တာန်မှာ ဘုရားပွင့်နေတာ

သေချာတဲ့အပေါ်မှာ ကံသာရှိလို့ အသက်ရှည်နေတယ်။ တရားထူး တရားမြတ်ဆိုတာ ဘုရားပွင့်တော့မှပဲ ရတော့မှာ

ပဲ ဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောတဲ့ တရားတွေ ဘုန်းကြီးတို့က တစ်သဝေမတိမ်း ဟောပြန်တော့ ခင်ဗျားတို့ သန္တာန်မှာလဲ ဘုရား ပွင့်နေတာပဲ (မှန်လှပါ)။

အဲဒီတော့ ဘေးအတန်တန် ရန်အထပ်ထပ်တွေလဲ ကျော်လွှားပြီး လာနိုင်သေးတယ်။ တရားထူး တရားမြတ်ဆို တဲ့ ဘုရားတရားတွေနဲ့လဲ တွေ့ရသေးတယ် ဆိုတော့ လက်မ လွှတ်လိုက်ကြပါနဲ့။ ဒါလေး လက်လွှတ်လိုက်ရင် အင်မတန် နစ်နာသွားမှာစိုးလို့ပါ (မှန်လှပါ ကြိုးစားနေပါတယ်)။

ကြိုးစား၊ ကြိုးစား မခြံ့တို့ ကြိုးစားနော်၊ မရီတို့ ကြိုးစားကြစမ်းပါ (မှန်လှပါ) မလျှော့နဲ့ မလျှော့နဲ့ ရှေ့တင်ပ့ါမျိုး မလုပ်ပါနဲ့။ ရှေ့တင်ပ့ါကတော့ ပြောလိုက်တယ်ဆိုရင် ဟုတ် ပ့ါဘုရား၊ တင်ပ့ါဘုရား။ အဲဒီ တင်ပ့ါမျိုးမကြိုက်ဘူး (မှန်ပ့ါ) တကယ်လုပ်မှ တကယ်လုပ်မှ။

## အရင်းထားပြီးပြောနေတာ

ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အရင်းထားပြီး ပြောနေတာ (အာရုံပြုထားပါတယ်ဘုရား) အဲ အာရုံပြုထား ပါတယ်။ မသုံးနဲ့ဦး။ ကိုယ်ကိုယ်တိုင်က တကယ်လုပ်ပြီး ဘကယ်ကြိုးစားကြစမ်းပါ (မှန်ပ့ါ)။

အဲဒီတော့ ကိုယ့်ချမ်းသာ ကိုယ်ရှာတာများ အားပျော့ပျော့ ခါးနွဲ့နွဲ့နဲ့ ရှာလို့တော့ မရဘူး (မှန်ပ့ါ) ကိုယ့်ချမ်းသာ ကိုယ်ရှာတာ အားကြိုးမာန်တက် ရှာပစ်လိုက် (မှန်ပ့ါ) အပါယ် စိတ်ချရပလား၊ စိတ်ချရတော့မှ နေချင်သလို နေလိုက်စမ်းပါ (မှန်ပ့ါ)။

## ငရဲမျိုးစေ့တွေက မခြောက်ခန်းသေးဘူး

အခုတော့ ငရဲတွေက ကိုယ့်ခေါင်းပေါ်က မဆင်းသေး၊ ကိုယ့်ဝမ်းထဲက ငရဲမျိုးစေ့တွေက မခြောက်ခန်းသေး (မှန်ပ့ါ) ဆိုတော့ မဂ်ဉာဏ်လာမှ ငရဲမျိုးစေ့ဆိုတဲ့လောဘ၊ ဒေါသ၊ မောဟခြောက်ခန်းသွားမှာ (မှန်ပ့ါ) အနာပျောက်မှ ထင်သလိုနေကြပါ။

အဲဒီအချိန်ကျတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ နေစမ်းပါဗျာ ခပ်ပျော်ပျော်ပဲ (မှန်ပ့ါ) ဘုန်းကြီးတို့လဲ မတားတော့ပါဘူး။ အခုတော့ အနာမှ စိတ်မချရခင်က ဒကာ-ဒကာမတွေက ပျော်မယ် မြူးမယ် ကြွမယ်ဆိုရင်ဖြင့် အင်းအနာကြီး ကြွလို့ရှိရင် ဒီအနာနဲ့ သေချင်းဆိုး သေရချည့်ရဲ့ဆိုတာ စိုးရိမ်လို့ အနာပျောက်မှပဲ ထင်သလို နေကြပါလို့ မခြုံပြောတာပါ။ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

အနာ မပျောက်ခင်တော့ ဆရာသမား ပြောတာကိုပဲ

နားထောင်ကြပါအုံး (နားထောင်ပါတယ်ဘုရား) အနာပျောက်တော့ သွားချင်တဲ့လမ်း သွားပါ၊ စားချင်တာစားပါ (မှန်ပါ့) မတူ ကိစ္စမရှိပါဘူးဗျာ (မှန်ပါ့) မရှိ ကိစ္စမရှိဘူးပေါ့ (မှန်ပါ့)။

## ဒီဝေဒနာမှ တစ်ပါးမပြောင်းကြပါနဲ့

ကဲဒါဖြင့် ဒကာ-ဒကာမတို့ အနာပျောက်ဆေးကိုပဲ ပေးပါတော့မယ်တဲ့၊ အနာပျောက်ဆေး ပေးပါတော့မယ်ဆိုတော့ ဒကာ-ဒကာမတွေ စဉ်းစားပါတဲ့။ ဒီဝေဒနာမှတစ်ပါး မပြောင်းကြပါနဲ့ (မှန်ပါ့) ဘာကြောင့် ဝေဒနာမှ တစ်ပါးမပြောင်းကြပါနဲ့လို့ဆိုပါသလဲလို့ ဆရာဘုန်းကြီး သတိပေးရပါသလဲလို့ မေးလို့ရှိရင်ဖြင့်၊ ဝေဒနာသည် ဒကာ-ဒကာမတို့ အခု နေရတာလဲ နေကောင်းတယ်ဆိုတာလဲ သုခဝေဒနာနဲ့ နေရတာ။ နေမကောင်းဘူးဆိုတော့ ဘာ ဝေဒနာနဲ့နေရတာလဲ (ဒုက္ခဝေဒနာနဲ့နေရပါတယ်) ဒုက္ခဝေဒနာနဲ့ နေကြရတယ် (မှန်ပါ့)။

ဟာ တပည့်တော်တို့ အလတ်စားပါပဲဘုရား၊ အကောင်းကြီးလည်း မဟုတ်၊ မကောင်းဘူးလည်း မဟုတ်ဘူး။ နေရတာပဲ ဘုရားဆိုတော့ ဘာနဲ့လဲ (ဥပေက္ခာဝေဒနာနဲ့ပါ ဘုရား)။

## ဝေဒနာမရှိဘူးဆိုတာ၊ မဖြစ်ပါစေနဲ့

ဒါဖြင့် ဒကာ-ဒကာမတွေ ဒီသုံးချိန်မှတစ်ပါး ခင်ဗျား တို့ ဘယ်အချိန်များ ရှိသေးတုံး (မရှိပါ) အဲဒါကြောင့် ဒကာ-ဒကာမတွေ ပြောရတယ်။ အေး ဝေဒနာနဲ့ နေတဲ့ ဒကာ-ဒကာမတွေ ဝေဒနာမရှိဘူးဆိုတာဖြင့် မဖြစ်ကြပါစေနဲ့ ဆိုတာ အထူးပဲ သတိပေးပါတယ် (မှန်လှပါဘုရား)။

## သုခဝေဒနာလေးတွေ

အဲဒီတော့ ဘုန်းကြီးတရားက ဘုရား အရှာခက်လိုက် တာလို့ ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့မှားတယ် (မှန်လှပါဘုရား) နေကောင်းတယ်ဆိုရင် ဝမ်းထဲမှာ ရှူတာ ရှိုက်တာကအစ သက်သက်သာသာနဲ့ မရှူရ မရှိုက်ရဘူးလား (ရှူရ ရှိုက်ရ ပါတယ်ဘုရား) အဲဒါ သုခဝေဒနာလေးတွေ ဖြစ်ပြီး ပျက်နေတာ၊ သူကပြောနေတာ (မှန်ပါ့) အဲဒီတော့ ဝေဒနာ ရှာလို့ မတွေ့ဘူးလို့ မရီတို့က ဆိုချင်သေးသလား (မဆိုချင် ပါဘူး ဘုရား) မခင်ကော ဆိုချင်သေးသလား (မဆိုချင်ပါဘူး ဘုရား) ရှူကောင်း ရှိုက်ကောင်းရင် ဘာဝေဒနာလဲ (သုခ ဝေဒနာပါဘုရား) အင်း ဟဒယဝတ္ထုပေါ်မှာ တည့်ပြီး သုခ ဝေဒနာလေးကလဲ ရှူတာလေးကလဲ ရှိုက်တဲ့ဆီမှာ

မလိုက်သောကြောင့် ဒီနေရာတွင် ဖြစ်ပြီး ဒီနေရာမှာ အနိစ္စ ရောက်ပါလား (မှန်ပ့ါ)။

## ဒီနေရာပေါ်ပြီး ဒီနေရာမှာ ပျက်တယ်

ရှိုက်တာလေးကလဲ ဒီနေရာပေါ်ပြီး ဒီနေရာမှာပဲ ပျက်စီးသွားပါလားဆိုတော့၊ ကမ္မဋ္ဌာန်းထိုင်လိုက်လို့ ဘာမှ မတွေ့ရင် သူ့ပြန်ကြည့်လိုက်တာပေ့ါ (မှန်ပ့ါဘုရား) သူ့ပြန် ကြည်လိုက်တော့ ဝေဒနာ ကြည့်ပြီးသား မကျဘူးလား (မှန်ပ့ါ)။

အဲဒီတော့ ကြည့်ရင်းမတ္တနဲ့ပဲ ကိုယ်က ဖိပြီး ထိုင်ထား ရတာ အင်း အောက်က နာတယ်၊ ဘယ်က နာတယ်၊ ခြေမျက်စိက နာတယ်၊ ခြေဖျားက နာတယ်၊ ခြေမက နာတယ် ဆိုပြန်တော့လဲ ဟိုက သုခဖြတ်ပြီး ဒီဘက်ကို ဉာဏ် က လှည့်လိုက် (မှန်ပ့ါ)။

ဒီဘက် ဉာဏ်လှည့်ပစ်လိုက်ပါ (မှန်ပ့ါ) ဒီဘက်ကို ဉာဏ်က လှည့်လိုက်တော့ ဒီဘက်က ဖြစ်ပျက်လေးက ချုပ် သွားတယ်လို့ဆိုပြန်တော့လဲ ရှာမတွေ့ပြန်ဘူး ဘုရားလို့တော့ မလျှောက်ပါနဲ့။ ဟဒယဝတ္ထုပေါ် ရှူလေရှိုက်လေ အားထုတ် တဲ့ စိတ်ကလေး သုခကို ပြန်စိုက်လိုက် (မှန်ပ့ါဘုရား)။

အဲဒီတော့ ဒကာ-ဒကာမတွေ အားသေးရဲ့လား (မအားတော့ပါဘုရား) မအားတော့ မအားတာသည် ဘာတုံးလို့ မေးတဲ့အခါကျတော့ ရှေ့နားက ဖြစ်ပျက် နောက်နားက ရှုနေရတဲ့ မအားမှုလေး (မှန်ပါ့)။

## မအားတာ ဘာပါလိမ့်မတုံး

ဩော်-- မအားတာ ဘာပါလိမ့်မတုံးလို့ မေးတော့ ဝီရိယ စိုက်နေတာ (မှန်ပါ့) ဝီရိယ စိုက်နေတော့ ဝီရိယမဂ္ဂင် ပေါ်နေတယ် (မှန်ပါ့) ဟော ဒေါ်အုန်းခင် ဘယ်လောက် အဖိုးတန်သလဲ (မှန်လှပါ)။

တပည့်တော်တို့ဘုရား အတော်ဝီရိယစိုက်နေရတာ အတော်မအားအောင်ကို ဖြစ်နေတယ်။ ဘာတုံး မအား အောင်ဆိုတာ၊ ဝီရိယ စိုက်နေတာ (မှန်ပါ့)။

## ဝီရိယစိုက်နေတာ မဂ်ရနေတာ

ဝီရိယစိုက်နေတယ်ဆိုတာ ဒကာ-ဒကာမတွေ ဝီရိယ မဂ္ဂင်ဆိုတဲ့ မဂ်ရနေတာ (မှန်ပါ့) အဲဒီတော့ ဝီရိယ အတော် စိုက် နေရတယ်ဆိုတာ ခင်ဗျားတို့က အမောဆိုက်နေတယ် လို့ မအောက်မေ့လိုက်ပါနဲ့တဲ့။

ဒါကိုလေသာ ရန်သူတွေ ရပ်ပြီးသကာလ မင်္ဂဆိုတဲ့ သမ္မာဝါယမမဂ္ဂင်ဆိုတဲ့ မဂ္ဂင်ကြီး ဝမ်းထဲရောက်နေတာ (မှန်ပါ့) အတော် နေရာ ကျကြပလား (ကျပါပြီဘုရား)။

ဒါကြောင့် ဝီရိယစိုက်ပါ၊ ဝီရိယစိုက်ပါဆိုတဲ့ ဒကာ-ဒကာမတွေ တိုက်တွန်းရတာက ဒီဝီရိယ ကိုယ်တိုင်က ခင်ဗျားတို့ သန္တာန်မင်္ဂတရားပါ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဝီရိယက ဘာတရားလဲ (မင်္ဂတရားပါဘုရား) မဂ္ဂင်တရား။

ဝီရိယစိုက်တယ်ဆိုတော့ ဝီရိယတင်ဖြစ်တာ မဟုတ်ဘူး။ သတိလဲ ထားတယ်၊ သမာဓိလဲ ရှိတယ်၊ ပညာလဲ ရှိတော့ ဟိုနေရာ ဖြစ်တာလေး လိုက်လိုက်ရ၊ ဒီနေရာဖြစ်တာလေး လိုက်လိုက်ရဆိုတော့ ဝီရိယက ခေါင်းဆောင်သာ ဖြစ်သွားတာ။ ဒေါ် အုန်းခင်ရေ မဂ္ဂင်ရှစ်ပါး ပေါ်နေတာ (မှန်ပါ့ဘုရား) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

## ပင်ပန်းတာမဟုတ်ဘူး၊ လိုတာပြည့်စုံနေတာ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဝီရိယ စိုက်ရလို့ ဆရာဘုန်းကြီး ပေးတဲ့နည်းက တပည့်တော်တို့ဖြင့် ဘုရား မအားအောင်ပဲ ပင်ပန်းနေလိုက်တာ။ ပင်ပန်းတာ မဟုတ်ဘူး ဒကာ-ဒကာမတို့ ခင်ဗျားတို့ လိုတာပြည့်စုံနေတာ --(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ဝင့်ဘဝတိုတိုနဲ့ မင်္ဂဖိုလ်ရရပါလို၏လို့ ခင်ဗျားတို့ ဆုတောင်းက ခင်ဗျားတို့ အလုပ်ထဲမှာ အတွင်းဝင်ပြီးသကာလ အကုန်ပြည့်စုံနေပါပြီလို့ မှတ်လိုက်ပါ (မှန်လှပါဘုရား) ကဲ ဘယ်လောက်အဖိုးတန်သလဲ (တန်ပါတယ်ဘုရား)။

ဒါကြောင့် ဝီရိယစိုက်ပါ၊ ဝီရိယစိုက်ပါ အတော်ဝီရိယစိုက်နေရပါတယ်ဘုရား၊ ဝေဒနာလေးတွေကလည်း ဟိုကဖြစ်လိုက်၊ ဒီကဖြစ်လိုက်။ ဟိုက ပျက်လိုက်၊ ဒီကပျက်လိုက်နဲ့ တပည့်တော်တို့ဖြင့် အတော်ကြိုးစားနေရတယ်လို့ ဆိုလို့ ရှိရင်ဖြင့် ကြိုးစားနေတာသည် မင်္ဂဆိုက်နေတာလို့သာ မှတ်လိုက်ပါ (မှန်လှပါဘုရား)။

## မဂ္ဂင်တွေ အကုန်ဆိုက်နေတာ

ဒါ ဝီရိယမဂ္ဂင်ပဲ (မှန်ပါ့) ဝီရိယမဂ္ဂင် ဖြစ်တော့လည်း ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက မှတ်လိုက်ပါဦး။ သူတစ်ခုတည်းဖြစ်တယ်လို့ မအောက်မေ့နဲ့။ သူနဲ့အတူတကွ အဖော်တွေ ပညာလည်းပါ၊ သတိလည်းပါ၊ သမာဓိလည်းပါ။ အကုန်မဂ္ဂင်တွေ ဒကာစိန် အကုန်ဆိုက်နေတာ (မှန်ပါ့)။

ဒါဖြင့် ဒကာ-ဒကာမတို့ ဝီရိယစိုက်ရလေလေ၊ ခင်ဗျားတို့မှာ ကိလေသာရန်သူ အောင်ပွဲ ယူရတာ နိုင်ပွဲမှန်းသိလေလေ မှတ်လိုက်စမ်းပါ (မှန်ပါ့)။

## ကိလေသာရန်သူကို နိုင်ပွဲရနေတာ

ကိလေသာရန်သူ အောင်ပွဲယူရတာ နိုင်ပွဲ ရနေတာ (မှန်လှပါဘုရား) သူတို့ကို ဝင်ခွင့်ရသေးရဲ့လား (မရပါဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ဒကာ-ဒကာမတွေမှာ ဝီရိယစိုက်ပြီး သကာလနေတော့ တရားမရသေးဘူးလို့ ဒေါ် အုန်းခင်ကြီးတို့က ဆိုလိမ့်မယ် (မှန်ပါ့)။

ဟော့ ဝီရိယ စိုက်နေတာကိုက မဂ္ဂင် ဆိုက်နေတာလို့ မှတ်လိုက်ကြ (မှန်ပါ့) ကိုင်း မရီတို့က ဝီရိယ စိုက်တုန်းပါပဲ ဘုရား၊ ဘာမှ မမြင်သေးပါဘူး၊ အမလေး ဒကာ-ဒကာမတို့ ဖျင်းလိုက်တာ (မှန်လှပါဘုရား)။

ဝီရိယ စိုက်တုန်းပါပဲ၊ တပည့်တော်မှာဖြင့် ဘာလျှောက်ထားလို့ ဘာမှန်းတောင် မပြောတတ်အောင် ဖြစ်နေပါသေးတယ် အစရှိသဖြင့် ဒကာ-ဒကာမတို့ အဲဒီ ဝီရိယ စိုက်နေတာကိုက ဝီရိယမဂ္ဂင်နှင့်တကွ ပညာမဂ္ဂင်တွေပါ ရနေတာလို့ ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား)။

အချို့ဒကာ-ဒကာမတွေက ဘုန်းကြီးကို လျှောက်စရာလည်းမရှိ၊ ထားစရာလည်း မရှိနဲ့ ကိုယ်ဖြင့် ဝီရိယစိုက်ပြီး လုပ်နေတုန်း ရှိသေးတယ်၊ အဲဒါ မင်္ဂရနေတာ၊ ဘာ ဝီရိယ စိုက်သတုံး။ ဖြစ်ပျက် ရှာနေတာက မဂ္ဂင်ပေါ့ဗျာ (မှန်ပါ့)။

ရှေ့နားက ဖြစ်ပျက်က ဒုက္ခသစ္စာ (မှန်ပ့ါ) ရှာပြီး အားထုတ်နေတာက (မဂ္ဂသစ္စာပါဘုရား) အဲဒါ မင်္ဂရနေတဲ့ ဥစ္စာ ဒကာ-ဒကာမတွေက အားထုတ်တုန်း ရှိသေးတယ်၊ ဘာမှ မထင်သေးဘူးတဲ့ (မှန်ပ့ါ) အမလေး ဖျင်းလိုက်တဲ့ ဒကာ-ဒကာမတွေ၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား) ရိပ်မိကြပြီ။

## မင်္ဂရနေတာမသိမှာစိုးတယ်

စောင်းများ ဟောတယ်လို့ အောက်မေ့မနေကြနဲ့။ မင်္ဂရနေတာ မသိဘဲနေမှာ စိုးရတယ် (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) သိပြီ သိပြီ၊ နေရာကျပြီ၊ ဒါ ဒကာ-ဒကာမ အရင်းတွေမို့ ပြောနေတာ။

ခင်ဗျားတို့ အားလုံး ဒကာ-ဒကာမတွေ ဒီအတိုင်းပဲ အားစိုက်နေတယ်လို့ ပြောရင်ဖြင့် ဝီရိယ ဟုတ်လား (မှန်လှပါ ဘုရား) ဝီရိယနဲ့ ဝေဒနာလေးတွေ ပေါ်ရာကို လျှောက်ပြီး လိုက်နေတယ်ဆိုကတည်းက ဒါ ဘာဖြစ်သလဲဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား) မင်္ဂရနေတာ ဝီရိယမဂ္ဂင် ရနေတာ (မှန်လှပါ)။

အဲဒီတော့ ဝီရိယမဂ္ဂင်ဆိုတော့ သူဘယ်တော့မှ အဖော်မပါဘဲ သူတစ်ခုတည်းဖြစ်တာ ထုံးစံမရှိဘူး (မှန်လှပါ

ဘုရား) သတိ ပါတယ်၊ သမာဓိ ပါတယ်၊ ပညာပါတယ် (မှန်ပါ့) အဲဒီကဲ့သို့ သတိ၊ သမာဓိ၊ ပညာ၊ ဝီရိယတို့ဟာ မရိတွဲလျက်ချည်းပဲ (မှန်ပါ့) တွဲလျက်ချည်းဆိုတော့ အားစိုက်နေတဲ့ ဒကာ-ဒကာမတွေမှာ မဂ္ဂင်ဆိုက်နေတယ်ဆိုတာ ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား)။

အေး-ဒါဖြင့် ဒေါ်ခန့်ရေ တပည့်တော်ဖြင့် ရှာကို မတွေ့သေးပါဘူး။ အလုပ်စကာစ ဖြစ်နေတော့ လူမော သလောက် ခရီးမရောက်သေးပါဘူးလို့ ဒေါ်ခန့်က လျှောက်ချင်သလား (မလျှောက်ချင်ပါဘုရား) မလျှောက်ချင်တော့ ဘူးလား ပင်ပန်းသလောက် ခရီးမရောက်ဘူးလို့ မဆိုပါနဲ့။ ခရီးရောက်နေတာက ဝမ်းထဲမှာ ရောက်နေတာ ပြည့်စုံနေပါပြီ (မှန်လှပါဘုရား) မတူ သဘောကျရဲ့လား (ကျပါပြီဘုရား)

## ဝမ်းထဲမှာ ပြည့်စုံနေပါပြီ

ခရီးရောက်နေတာက ဘာတုံးဗျ (ဝမ်းထဲမှာရောက်နေတာပါဘုရား) ဝမ်းထဲမှာ ပြည့်စုံနေပါပြီတဲ့ ဒကာ-ဒကာမတို့ ဝမ်းထဲမှာ ပြည့်စုံနေတယ်ဆိုတာက အားစိုက်တာလဲ ဝီရိယ၊ သတိထားတာလဲ သတိမဂ္ဂင်၊ အားစိုက်တာက ဝီရိယမဂ္ဂင် (မှန်ပါ့)။

အဲဒီတော့ သတိတို့ ဝီရိယတို့ သမာဓိတို့ ပညာတို့ အကုန်ပါပြီးသကာလ နေသောကြောင့် ဩော်--ဒါ ဘာပါလိမ့်မတုံးဆိုတော့ မဂ္ဂင်ဆိုက်နေတာ (မှန်လှပါ ဘုရား) ဟာဘာယ့်နှယ်ကြောင့် မဂ္ဂင်ဆိုက်နေတယ်လို့ ဘုန်းကြီးက ဟောရပါလိမ့်မလဲလို့ မေးဖို့ လိုတယ် (မှန်လှပါဘုရား)။

ထိုကဲ့သို့ မေးတဲ့အခါကျလို့ရှိရင် မဂ္ဂင်ဆိုက်တယ် မဆိုက်တယ် ဘုန်းကြီး ရှင်းပြမယ်။ ဒီအချိန်မှာ လောဘ၊ ဒေါသ၊ မောဟ လာသေးသလား (မလာပါဘုရား) ဟ သူသတ်ထားတာပေါ့ဗျ (မှန်ပ့ါ) ဒါဖြင့် အားစိုက်ထားတာက သူသတ်ထားတဲ့ သဘောကော ထင်ရှားပါရဲ့လား (ထင်ရှား ပါတယ်) **အားစိုက်ထားတာက သူသတ်ထားတာ ကိလေသာ သေနေတယ်ဆိုကတည်းက ဒါ မဂ်မဟုတ် ဘာတုံး**(မှန်လှပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကဲ အားငယ်ကြသေးသလား (မငယ်ပါဘုရား) ဘုန်းကြီးနဲ့ တွေ့ရတာ ရက်ကလဲတိုတို၊ အားထုတ်ရတာလဲ နည်းနည်းလေးရှိသေးတယ် ဘာမှ မတွေ့သေးဘူးလို့ အောက်မေ့ပြီး မနေနဲ့ဦး မရီရ။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) မတူကော အောက်မေ့သေးသလား (မအောက်မေ့ ပါဘုရား)။

ဘယ့်နှယ် မအောက်မေ့တုံး။ အားထုတ်တယ် ဆိုကတည်းက မတွေ့ရဘူးလား (တွေ့ရပါတယ်ဘုရား) အေး အဲဒါကြောင့် ဒီ ဒကာ-ဒကာမတွေကို ဘာမှမလျှော့ လိုက်ပါနဲ့ ဆိုတာ ဒကာစိန် သတိပေးရတယ် (မှန်ပါ့)။

## မဂ္ဂင်ဆိုက်နေတာ

ကိုင်း-ဒါဖြင့် အားစိုက်နေတာပင်လျှင် ဒေါ်အုန်းခင် ဘာခေါ်ပါလိမ့်မလဲ (မဂ္ဂင်ဆိုက်နေတာပါဘုရား) မဂ္ဂင်ဆိုက် နေတာ (မှန်ပါ့) သတိထားတာသည်ပင်လျှင် (မဂ္ဂင် ဆိုက်နေတာပါဘုရား) အေး သတိထားတာသည်ပင် မဂ္ဂင် ဆိုက်နေတယ်။ သမာဓိထားတာသည်ပင်လျှင် မဂ္ဂင်ဆိုက် နေတယ်၊ ပညာလေးနဲ့ ဝေဒနာလိုက်နေတာက (မဂ္ဂင်ဆိုက် နေတာပါဘုရား)။

မဂ္ဂင်ဆိုက်နေတော့ ဩော်ဒါ-ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အင်း-ဝေဒနာပေါ်၌ လိုက်ပြီး မဂ္ဂင်နဲ့ ရှုနေတာကိုးဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါ တယ်ဘုရား)။

အဲဒီတော့ မဂ် မဟုတ်တယ်၊ ဟုတ်တယ် ဒကာ- ဒကာမတွေ စဉ်းစားတော့ ဒီလို ရှာဖွေနေရတုန်းကို ကဲ ခြုံတို့ပဲ တွေးပါတော့ လောဘ၊ ဒေါသ၊ မောဟ လာသေး

သလား (မလာပါဘုရား) ဘယ်သူသတ်ထားတာတုံး (မင်္ဂ က သတ်ထားတာပါ)။

## ခရီးပေါက်နေတာ၊ ပေါက်တယ်လို့မသိဘူး

အဲဒီတော့ ကိုယ်ခရီးပေါက်နေတာတောင်မှ ပေါက်တယ်လို့ မသိသေးဘူးဆိုရင် ဒီလူအတွက် ခက်သေး တယ်လို့ မဆိုနိုင်ဘူးလားဗျာ (ဆိုနိုင်ပါတယ်ဘုရား) ဆို ရမှာ မရီရ ကိုယ်ခရီးပေါက်နေတာမှ ပေါက်တယ်လို့ မသိ သေးလို့ ရှိရင်ဖြင့် ဒေါ်အုန်းခင် ခက်သေးတယ်လို့ မဆိုထိုက် ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အသက်တစ်ရာ နေရပြား သော်လည်း ဒီဝေဒနာလေးတွေ လိုက်ပြီးသကာလ ဟောဒါ သုခပေါ်ပြီ၊ ဟောဒါ ဒုက္ခပေါ်ပြီ၊ ဟောဒါလေးကဖြင့် ခုနက ဒီနေရာမှာ ယားတယ်၊ မရှိတော့ဘူး။

အင်း--အခု မရှိတော့ဘူးဆိုတဲ့ ဥစ္စာ ခင်ဗျားတို့က ပါဠိလို အနိစ္စ ရွတ်မှ အနိစ္စ မှတ်နေတာ၊ အခုပျောက်သွား တယ်ဆိုတာ အဲဒါအနိစ္စကို မြင်လိုက်တာ (မှန်ပါ့) တပည့် တော်ဖြင့် နဖူးက ယားတယ် ယားတာကလေး ရှုလိုက်တော့ ပျောက်ထွက်သွားတယ် ဘုရား၊ ဩော် ဒီဒကာ- ဒကာမတွေ ဟန်ကျပြီကော။

ပျောက်သွားတာလေးက အနိစ္စ၊ ပျောက်မှန်း သိတာလေး က မဂ္ဂ (မှန်ပါ့) ဟော-ဘယ်လောက် အဖိုးတန်သလဲ (တန်ပါတယ်ဘုရား) ဟို မမကြီးက သဘောကျရဲ့လား (ကျပါတယ်ဘုရား) ပျောက်မှန်းသိတာက ဘာတုံး မဂ္ဂမဟုတ်လား (မှန်ပါ့) ပျောက်သွားတာက ဘာတုံး (အနိစ္စပါဘုရား)။

ပျောက်သွားတာက အနိစ္စ၊ ပျောက်မှန်းသိတာက (မဂ္ဂ)၊ ဟော ကိုယ့်ဉာဏ်လေးနဲ့သိလို့ အဲဒီဉာဏ်လေးက မဂ္ဂပါ (မှန်ပါ့)။

ဝီရိယမစိုက်တဲ့ပုဂ္ဂိုလ်တော့ ခြင်ကြီးလက်မလောက် ကိုက်နေတာတောင်မှ ဟိုမှာ လောဘအလုပ်နဲ့ အလုပ်လုပ် နေလို့ရှိရင် မသိဘူး၊ ပြီးမှသာ ဖျောက်ယူရတယ်။

အခု ဝီရိယစိုက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ယားတာ ယားမှန်းသိ (သိပါတယ်ဘုရား) အင်း. . . ဒါလေးက ယားတာ ယားမှန်းသိတော့ အဲဒီနေရာ လေး ရှုလိုက်ကြဆိုတော့ ဘာဖြစ်သွားတုံး (မရှိပါဘုရား)။

## မြန်မာလို အနိစ္စပြောတာ

အဲဒီ မရှိဘူးလို့ ပြောတာကိုက ခင်ဗျားတို့ အင်မတန် ကောင်းတယ်။ ဘယ်လိုကောင်းသလဲဆိုတော့ မရှိဘူးလို့

ပြောတာသည်ပင်လျှင် ရှိရာက မရှိဘူးလို့ ပြောတာ (မှန်ပါ့)။

နဂိုက ဒီနေရာလေးယားနေတယ်၊ နောက်ရှုလိုက်တဲ့ အခါကျတော့ ရှိသေးရဲ့လား (မရှိတော့ပါဘုရား)၊ အဲဒီတော့ မရှိဘူးလို့ ပြောတာသည် မြန်မာလိုအနိစ္စပြောတာ (မှန်ပါ့)၊ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ။ ဟော. . . ဘယ်လောက် အဖိုးတန်ပြီလဲ (တန်ပါတယ်ဘုရား)၊ ဒါ မင်္ဂရဖို့ ဝေးသလား (မဝေးပါဘုရား)၊ မဝေးပါဘူး ဒကာ ဒကာမတို့ရ။

## ဒီဆရာနဲ့တွေ့ရင် ခရီးပေါက်ရမယ်

ဘာမှ လုံ့လဝီရိယမလျှော့ပါနဲ့ (မှန်ပါ့)၊ ဒီဆရာ သမားနဲ့တွေ့တယ်ဆို အရဏ်တက်ရင် နေထွက်ရမယ်လို့ ပြောနေပေ့ါဗျာ (မှန်လှပါ)၊ ခင်ဗျားတို့ သံသယကို မရှိဘဲနဲ့ (မှန်ပါ့) ဒါသာ ဖိလုပ်၊ အင်း. . . ဒီအလုပ်နဲ့ တို့နဲ့ဖြင့် ဒီဆရာ နဲ့ ဒီသမားဖြင့် ဒီဥစ္စာတို့ ခရီးပေါက်ဖို့ အပါယ်လေးပါး တံခါး ပိတ်ဖို့အရေး သံသရာကြီး အိုဘေး နာဘေး သေဘေး တွေနဲ့ အဆက်ပြတ်ဖို့ အရေးဟာဖြင့် ဒါပဲရှိတယ်ဆိုတာ ဒေါ်အုန်းခင် ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား) ဆုံးဖြတ် ချက်ချပါ။

## အသေအချာရ ရမယ်

အေး-မမကြီးတို့လည်း ဆုံးဖြတ်ချက်ချ (မှန်ပ့ါ) ဘာမှ မလျှော့ကြနဲ့။ ဘာမှ မလျှော့ကြနဲ့။ မရီတို့ကော ဆုံးဖြတ်ချက် ချပြီလား (မှန်ပ့ါ) ချပါ အသေအချာ ရ ရမယ်။

ကိုင်း ဒကာ-ဒကာမတို့ ဒီသတိပဋ္ဌာန်ကို (၇)ရက် (၁၄)ရက် အစရှိသည်နှင့် အားထုတ်လိုက်လို့ရှိရင်ဖြင့် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ကျွအောင် ဖြစ်နိုင်ပါတယ်ကွလို့ ဘုန်းကြီးကလည်း ပြောတယ်၊ ဘုရား ကလဲ ပြောတယ် အဲဒါ အားငယ်စရာ ရှိရဲ့လား (မရှိပါဘူး ဘုရား)။

## သောတာပန်ဖြစ်တော့ ဘယ်လိုနေလဲ

အဲဒီတော့ သောတာပန် သကဒါဂါမ်ဖြစ်တော့ တပည့်တော်တို့လိုပဲ နေအုံးမှာလား သူတို့။ ဖီးလိမ်းပြုပြင်ပြီး သကာလ ဝိသာခါတို့များဗျာ (၇)နှစ်က သောတာပန် တည် တယ် ဟုတ်လား (မှန်ပ့ါ) သား (၁၀) ယောက်၊ သမီး(၁၀) ယောက် မွေးဖွားတယ် ဟုတ်လား (မှန်ပ့ါ) မြေး (၄၀) မြစ် (၄၀)ရှိတယ်။ ရှိတာပဲတဲ့ ဒါကိစ္စမရှိပါဘူးတဲ့။

အပါယ်မကျတာနဲ့ ခင်ဗျားတို့ လားရာဂတိ မမှားတာ ကိုဘဲ သောတာပတ္တိမဂ်က လုပ်တာပါ။ ဒီငါးပါးအာရုံ

ကာမဂုဏ်ခံစားမှုကို ဆိုတာမဟုတ်ပါတဲ့ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဝိသာခါကျောင်းအမကြီး

ဝိသာခါ (၇)နှစ်က သောတာပန်တည်တယ်။ (၁၆) နှစ်မှာ ပုဏ္ဏနဲ့ အိမ်ထောင်ကျတယ် (မှန်ပါ့)။ အဲဒါ မထင်ရှားဘူးလား ကိုင်း (ထင်ရှားပါတယ်ဘုရား) ထင်ရှားပါတယ်တဲ့။

ဒါကြောင့် ဒါတွေနဲ့လဲ အတွေးခေါင်ပြီး တို့ဘာမှ မထူးခြားသေးဘူးလို့ မအောက်မေ့နဲ့ (မှန်ပါ့) ဖျတ်ခနဲ တစ်ကြိမ်တည်း မဂ်ပေါ်လိုက်တယ်ဆိုရင် အပါယ်မီးတွေက အကုန်ငြိမ်းပြီးသကာလ ခင်ဗျားတို့သန္တာန်မှာလဲ လောဘ ၄လေးပုံတစ်ပုံ သိမ်းသွားတယ်ဆိုတာ သူ့ထူးခြားချက်ပဲ (မှန်လှပါဘုရား) တခြားဘာမှမရှိဘူး (မှန်ပါ့ဘုရား)။

ကဲဒါဖြင့် ဒကာ-ဒကာမတို့ ဝေဒနာတွေ ပေါ်တိုင်း မျက်လုံးမှာ ဘာဝေဒနာပေါ်တယ် (ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား) အေး မြင်တယ်ဆိုလို့ရှိရင် ဒကာ-ဒကာမတို့ မြင်တာပဲရှိတယ်။ မြင်လို့ လိုချင်တယ်ဆိုတာ ဝမ်းထဲကမြင်လို့။ မုန်းတယ်ဆိုတာ (ဝမ်းထဲကပါ ဘုရား) ဝမ်းထဲကပေါ့ဗျာ၊ အဲဒီတော့ မြင်တာ မြင်ရုံပဲဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် မြင်တာ မြင်ရုံပဲဆိုတော့ ဘာဝေဒနာတုံး (ဥပေက္ခာဝေဒနာပါဘုရား) ဒါကြောင့် မြင်ရုံလေးမို့ ဥပေက္ခာဝေဒနာလို့ ဆိုထိုက်ပါတယ် (မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း **ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ** လို့ဆိုသောကြောင့် ဥပေက္ခာစက္ခုဝိညာဏ်ပေါ့။မြင်တာလေးက ဥပေက္ခာလို့ မှတ်လိုက်ပါဆိုတော့ မြင်တာလေးကို ဒကာ ဒကာမတွေက လွဲမှာတော့ ဘုန်းကြီးစိုးရိမ်တယ်နော်။

## မြင်စိတ်ကလေးကိုဖြစ်ပျက်ရှု

မြင်တာလေးဟာ ဒကာ-ဒကာမတို့ တိုင်ကိုမြင်တယ်။ ဖြူတာ ကြောင်တာ ကြားတာကို မြင်တယ်ဆိုတော့ တိုင်ကို မရှုနဲ့ (မှန်ပါ့) ခင်ဗျားတို့ မြင်တဲ့ မြင်စိတ်ကလေးကိုသာ ဖြစ်ပျက်ရှု (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

တိုင်ရှုရမှာလား။ ကိုယ့်မျက်လုံးထဲ ဉာဏ်နဲ့မှန်း ရှုရမှာလား (ကိုယ့်မျက်လုံးထဲ ဉာဏ်နဲ့မှန်း ရှုရမှာပါဘုရား) အဲဒီအရှုကလေးကိုသာ ဒီနေရာမှာ တည့်ပါစေ (မှန်ပါ့)။

သြော်---မျက်လုံးထဲက မြင်ပြီး မျက်လုံးထဲမှာပျက်တာပဲ။ ဟုတ်ဘူးလားဗျာ (မှန်ပါ့) မယုံလို့ရှိရင် ခင်ဗျားတို့ တိုင်တစ်လုံးကို ဆေးက အဖြူ အနီ၊ အဝါ၊ အစိမ်း လေးဘက်

လှည့်သုတ်ပါ။ လှည့်ကြည့်ပါတဲ့။ အဖြူမြင်ပြီးမှ အနီမြင်မှာပဲ၊ အနီမြင်ပြီးမှ အဝါမြင်မှာပဲ၊ အဝါမြင်ပြီးမှ အစိမ်းမြင်မှာပဲ။ အဲဒီတော့မပျက်ဘူးလား၊ ပျက်သလား (ပျက်ပါတယ်ဘုရား)။

## ဖြူ၊ နီ၊ ဝါ၊ စိမ်း

ကဲ ဒါဖြင့် အဖြူမြင်တာ ပျက်ပြီးမှ အနီမြင်တဲ့စိတ် တစ်ခုပေါ်မယ်။ မျက်လုံးစိတ်တစ်ခုပေါ်တယ်။ ပြီးတော့ အဝါမြင်တဲ့ မျက်လုံးစိတ်တစ်ခုပေါ်မယ်။ ပြီးတော့မှ အစိမ်းမြင်တဲ့မျက်လုံးစိတ်တစ်ခု ပေါ်မယ်ဆိုတော့ ဩော် ဒါသည် သူ့ဟာသူ နို့မို့လို့ရှိရင် အတွင်းမျက်လုံးစိတ်က မချုပ်လို့ရှိရင် အဖြူမြင်တာက အဖြူပဲမြင်တယ်၊ အနီကို သွားလို့မရဘူး (မှန်လှပါဘုရား)။

အခုတော့ သူချုပ်သွားလို့ ဟိုဘက်လှည့်လိုက်တဲ့ အခါ အနီ မြင်တာလေး ပေါ်လာတယ်၊ အဝါ မြင်တာလေး ပေါ်လာတယ်ဆိုတော့ ဩော်--- မြင်စိတ်ကလေး ခဏ ခဏ ပျက်နေပါပေ့ါလားဆိုတာ ဉာဏ် မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

အေး ဒါကြောင့် မြင်စိတ်ပျက်တာကို ထင်ရှား သလောက် ထင်ရှားအောင် ဒေါ်အုန်းခင် ပြောနေတယ် (မှန်လှပါဘုရား) မခြုံတို့ ကျေနပ်ပလား (ကျေနပ်ပါတယ် ဘုရား)။

## ဝင်းထရံတိုင်မှာ ဂဏန်းရေးထားပါ

မယုံလို့ရှိရင် မရီတို့က ဝင်းထရံ တိုင်တွေကို တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး---တစ်ဆယ်ကျအောင် ဂဏန်းတွေ ရေးထား၊ မရီ ရေးထားလိုက်နော်။ ကဲ---မရီက တစ်နံပါတ် ကြည့်လိုက်တော့ တစ် မမြင်ဘူးလား (မြင်ပါတယ်ဘုရား) ကဲ--- နှစ်နံပါတ် ကြည့်လိုက်တော့ (နှစ်မြင်ပါတယ်ဘုရား) အဲ နှစ်မြင်တဲ့အခါ တစ်မြင်တာလေး ရှိသေးရဲ့လား (မရှိ တော့ပါဘုရား)။

သူသာ ရှိနေမယ်ဆိုရင် နှစ်ကို မမြင်နိုင်ဘူးဗျာ (မှန် လှပါဘုရား) အဲဒါကြောင့် တစ်မြင် တစ်ချုပ်ပြီးမှ နှစ်မြင် တာပေါ်တယ် (မှန်ပါ့) နှစ်မြင်တာ ချုပ်ပြီးမှ သုံးမြင်တာပေါ် ပြန်တယ် (မှန်ပါ့) သုံးမြင်တာ ချုပ်ပြီးမှ လေးမြင်တာပေါ် ပြန်တယ် (မှန်ပါ့)။

အင်း---ဒါလေးတွေကလည်း တစ်ခါတည်း ဖြစ်ပျက် ဖြစ်ပျက်နဲ့နေတာကိုး ဆိုတာ အဲဒီတွင် ဝင်းထရံတိုင် ကြည့်တဲ့ ဥစ္စာ ခင်ဗျားတို့ မျက်လုံးမှာချည့် ပျက်တာပဲ (မှန်လှပါဘုရား) ကဲ ရှုပ်ကြသေးရဲ့လား (မရှုပ်တော့ပါဘူးဘုရား)။

အဲဒါကြောင့် မြင်တဲ့ ဥပေက္ခာလေးတွေကို ရှုချင်ရှုပါ။ ဒါလေးတွေ မြင်တိုင်း မြင်တိုင်းရှု ကြားတိုင်း ကြားတိုင်း (ရှုရ မှာဘုရား) အဲဒါကြောင့် ဘုန်းကြီးက ပြောပါတယ် ဒကာ -

ဒကာမတွေကို ခင်ဗျားတို့ကတော့ ဘာမှ မသိဘူး။ ဒီကနေပြီး သကာလ ခင်ဗျားတို့ သန္တာန်မှာ နဂိုက နားထဲမှာ ကြားစိတ် ရှိ မရှိ (မှန်ပါ့) ခေါက်ပြမယ်နော်။

## ထွေးခံနဲ့ ကွမ်းညှပ်နဲ့ ခေါက်မယ်

ဒကာ-ဒကာမတွေ သန္တာန်မှာ အခု ထွေးခံနဲ့ ကွမ်း ညှပ်နဲ့ခေါက်မယ် (မှန်ပါ့) အသံဟာ ခပ်စူးစူး ကြားလိမ့်မယ် (မှန်ပါ့) အခု ကြားနေပလား မေးရင် ဘယ့်နှယ်တုံး (မကြား သေးပါဘုရား) မကြားသေးပါဘူး။ အခုဒါဖြင့် မကြားတာ လေးဘဲရှိတယ်နော် (မှန်ပါ့)။

ကြည့်-ဒီက ခေါက်သံ ကြားလိုက်လို့ရှိရင် ခင်ဗျားတို့ ကြားတယ်ဆိုတာ အခုမှအသစ်ပေါ်လာလိမ့်မယ် (မှန်ပါ့ ဘုရား) အေး-အခုမှ အသစ်ပေါ်လာလိမ့်မယ်တဲ့။ ကိုင်း- ဒကာ ဒကာမတွေ ခေါက်လိုက်မယ် (မှန်ပါ့ဘုရား) "ဒေါင်"။ ကြားတယ်မဟုတ်လား(ကြားပါတယ်ဘုရား)။

အဲဒါ ခုနင်က ကြားတာလား အခုမှ ပေါ်လာတာ လား (အခုမှပေါ်လာတာပါဘုရား) အဲ---နားထဲ အခုမှ အသစ်ပေါ်လာတာပေါ့ဗျာ (မှန်ပါ့) နားထဲ အခုမှအသစ်ပေါ် တယ်။

## ကြားတဲ့စိတ်ကကြားပြီးပျက်

အခု ဒီက အသံလည်းမရှိတော့ဘူး၊ ကြားသေးရဲ့လား (မကြားတော့ပါဘုရား) မကြားတော့ဘူး။ အင်း-ဒါဖြင့် ကြားပြီး ပျက်သွားတာပဲကိုး (မှန်ပါ့ဘုရား) ကြားတဲ့စိတ်က ကြားပြီးပျက်တာပဲ။

နောက်တစ်ခါ ခေါက်ပြန်တော့ "ဒေါင်" ကြားပြန်တယ်လို့လာပြန်တယ်။ ကြားပြန်တော့ အခုရှိသေးသလား (မရှိတော့ပါဘုရား) ဒါဖြင့် ဒကာ-ဒကာမတို့ သန္တာန်မှာ ဩော် အခုပေါ်တဲ့ညှော့သည်၊ အခုသေတဲ့ ညှော့သည်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ညှော့သည်ဖြစ် ညှော့သည်ပျက်ပေ့ါဗျာ (မှန်ပါ့) ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ဘယ်စိတ်မဆို ဒေါ်အုန်းခင်ကြီးက ဒီအတိုင်းမှတ်လိုက် (မှန်လှပါဘုရား) အခုပေါ် အခုပျက်ချည်းပဲ (မှန်လှပါ)။

အဲဒီတော့ ခင်ဗျားတို့သည် ဒီအပျက်တွေချည်း စုနေတဲ့ ဒကာ-ဒကာမတွေ ဖြစ်သောကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ မျက်လုံးကလည်းမြင်ပြီးပျက်၊ နားကလည်း ကြားပြီးပျက် (မှန်ပါ့) နှာခေါင်းကလည်း နမ်းရှူပ်ပြီးပျက်၊ လျှာကလည်း စားပြီး ပျက်၊ ကိုယ်ကလည်း ယားယံပြီး ပျက်၊ ကောင်းပြီး တစ်ခါပျက်၊ ဝမ်းထဲကလည်း ကြံပြီး ပျက်၊ ဆွေးပြီး ပျက်။

အလတ်စားဖြစ်ပြီးသကာလပျက် (မှန်ပါ့ပျက်ပါတယ်ဘုရား)။

အဲဒီလို အပျက်တွေချည်း သိသိနေတော့ ဒကာ-ဒကာမတို့ ကိုယ့်စိတ်ကိုယ် အားကိုးစရာများ ပါရဲ့လား (မပါပါဘုရား)။ အားကိုးချင်လည်း ခင်ဗျားတို့ အပျက်တွေချည်း အားကိုးစရာရောက်မယ် (မှန်ပါ့ဘုရား) ဒကာစိန် ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဘယ်စိတ်မြဲသတုံး

ဒါဖြင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ခန္ဓာထဲမှာ ဘယ်စိတ် မြဲသတုံး (ဘယ်စိတ်မှ မမြဲပါဘုရား)။

အဲဒီတော့ ဘယ်စိတ်မှမမြဲဘူးဆိုတော့ ဩော် တို့သန္တာန်စိတ်ဆိုတာ နာမ်တွေ။ နာမ်ဟူသရွေ့ မမြဲပါလားဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါတယ်ဘုရား) ကိုင်း ဒကာ-ဒကာမတွေ အခုခေါက်မယ်တဲ့။ မကြားသေးပါဘူး (မှန်လှပါဘုရား)။

အခုခေါက်လိုက်ပြီ "ဒေါင်"။ ကြားပြီလား (ကြားပါတယ်ဘုရား) ရှိသေးသလား (မရှိတော့ပါဘုရား)။

ဩော်--ဒါဖြင့် နားထဲ အခုပေါ် အခုပျက် (မှန်ပါ့) နားထဲ အခုပေါ် အခုပျက်တာကို သဘောကျပလား (ကျပါပြီဘုရား) ကြားတဲ့စိတ်ကလေးက အခုမှလည်း ပေါ်တာနော်။

ကြားပြီးတော့လည်း ဘာဖြစ်သွားတုံး (ပျက်သွားပါတယ် ဘုရား)။

အင်း ဒါဖြင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ သန္တာန်မှာ မြင်တာလည်း ဒီအတိုင်းနေမှာပဲ (မှန်လှပါ) နံတာကော၊ စားတာကော (ဒီအတိုင်းပါပဲဘုရား) ယားတာကော (ဒီအတိုင်း ပါဘုရား)။

သြော်---ကျုပ်ဖြင့် ယားသတ်ရှည်လိုက်တာလို့ မဆိုကြပါနဲ့တဲ့။ ယားပြီး သူလည်း ခဏခဏ ပျက်နေတာပဲ။ ခင်ဗျားတို့က မဖြတ်လို့ ဖြစ်နေတာပါ (မှန်ပါ့ဘုရား)။

## အပျက်ချည်းပဲ

အဲဒီတော့ တော်ကြာ လောဘဖြစ်လိုက်၊ တော်ကြာ ဒေါသဖြစ်လိုက်၊ တော်ကြာ မောဟဖြစ်လိုက်။ ဒါတွေကော ဒကာ- ဒကာမတွေ မြဲရဲ့လား (မမြဲပါဘုရား)။ မမြဲတော့ သြော်- အပျက်ချည်းပါပဲလား (မှန်ပါ့ဘုရား) အပျက်ချည်းပါပဲလားဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

ကိုင်း---အခု ခင်ဗျားတို့ ထိုင်နေကြတယ်၊ လူတွေက ခပ်တိုးတိုး ထိုင်ရမယ် (မှန်လှပါဘုရား) ဆိုတော့ ကျဉ်းကျဉ်း ကြပ်ကြပ် နေရတယ်၊ ထိုင်ရတယ် ဆိုသဖြင့် ခင်ဗျားတို့ ဒီ အောက်က ပူတယ်၊ ပူတယ်ဆိုတာ မှတ်လိုက်စမ်းပါ။ ဒကာ- ဒကာမတို့ ဒုက္ခဝေဒနာ အသားပေါ်မှာ (မှန်လှပါဘုရား)။

အဲဒီ ဒုက္ခဝေဒနာ ဒကာ-ဒကာမတွေ မသိဘူး။ အပူလေးက မစဘဲနဲ့ အပူလတ် ရောက်ပါ့မလား (မရောက်ပါဘုရား) အပူလတ်ကိုမရောက်ဘဲနဲ့ အပူမခံနိုင်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)။

ဩော်---အပူလေးလည်း ဖြစ်ပျက်တာပဲ (မှန်ပါ့) ဟော နည်းနည်းလေး ပိုပူလာပြီ အင်း---သူက ပိုပူလာတာ ပေါ်လာလို့ ပိုဖိလို့ ပိုပူတာ (မှန်ပါ့) သူကလည်း ဖြစ်ပျက်တစ်မျိုးပါလား။ အခုတော့ ခင်ဗျားတို့က အပူကြီးကျတော့ မှသိကြတယ် ဆိုကတည်းက အပူလေးတွေ ဖြစ်ပျက်သိသေးရဲ့လား (မသိပါဘုရား)။

အဲဒါ သတိပဋ္ဌာန် လက်လွတ်သွားတာ (မှန်ပါ့ဘုရား) သတိပဋ္ဌာန် လွတ်သွားတယ်နော် မတူ။ ဘာလွတ်သွားတာတုံး (သတိပဋ္ဌာန် လွတ်သွားတာပါဘုရား) အေး သတိပဋ္ဌာန်လွတ်သွားတာ။ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက သတိပဋ္ဌာန် လွတ်ပြီဆိုမှဖြင့် ခင်ဗျားတို့သည် အင်မတန်မှ အဖိုးမတန်တဲ့လူတွေထဲ ရောက်သွားတာ (မှန်ပါ့) ဖြစ်စမသိဘဲကိုး (မှန်လှပါဘုရား)။

လိုရင်းတော့ ခြေကျဉ်လာတယ်ဆိုကတည်းက ဒကာ- ဒကာမတို့ ကျဉ်စလေး မစဘဲနဲ့ ကျဉ်ကြီး ရောက်ပါ့မလား (မရောက်ပါဘုရား) သို့သော် ခင်ဗျားတို့ သတိပဋ္ဌာန်

လွတ်နေတော့ မရှိတို့က အစ မသိဘဲ ဖြစ်နေတာ (မှန်ပါ့) ဟုတ်လား။

အစမသိဘဲ ဖြစ်နေတော့ တစ်ခါတည်းကို လွန်မှ သိတဲ့အခါကျတော့ ဩော် တို့ဒကာ-ဒကာမတွေ ဖျင်းလိုက်တာ၊ ဒါအစကတည်းက အစက အလယ်။ အလယ်ကမှ မနေနိုင်တဲ့အဆုံး ဒီကိုရောက်တဲ့ဥစ္စာကို အစက သတိမထားမိတော့ ဩော်---သူတို့ကတော့ တိရစ္ဆာန်လို ဖြစ်နေပါပေါ့လား (မှန်လှပါဘုရား)။

## သတိလက်လွတ်တယ်

သတိက တယ်လွတ်တာကိုး (မှန်လှပါဘုရား) လိုရင်းတော့ ပူစကလေးက ကျဉ်စလေးကမှ မစဘဲနဲ့ ကျဉ်လယ်ရောက်နိုင်ပါ့မလား (မရောက်နိုင်ပါဘုရား) ကျဉ်ကြီးကိုလည်း ရောက်နိုင်ပါ့မလား (မရောက်နိုင်ပါဘုရား)။

အဲဒီမှာ ခင်ဗျားတို့ ကျဉ်ကြီးမှ အမလေးကျမှ ဘာဖြစ်တယ် မသိဘူး၊ ကျွန်တော် ဘာဖြစ်တယ်မသိဘူး၊ မရှေ့နိုင်တော့ဘူး အစရှိသဖြင့် အကြီးဆုံးကျမှ သိတော့ ဟိုအငယ်လေးတွေလည်းမသိခဲ့၊ အဆင့်အဆင့် ပျက်လာတာကော (မသိပါ)။ ဒါဖြင့် ခင်ဗျားတို့က သတိပဋ္ဌာန်က လက်လွတ်တယ် (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒကာ-ဒကာမတို့ ခင်ဗျားတို့ သတိ ပဋ္ဌာန်လက် လွတ်ပြီးသကာလ နေတော့ ဟိုခုနင်က အပျက် ကလေးတွေကို တွေ့သေးရဲ့လား (မတွေ့ပါဘုရား) ဘာဖြစ် လို့ မတွေ့သတုံးဆိုတော့ သတိပညာ လက်လွတ်နေလို့ (မှန်လှပါဘုရား) သဘောကျပလား (ကျပါပြီဘုရား)။

## သတိရော ပညာရော လွတ်တယ်

ဒေါ် အုန်းခင် ဘာလွတ်နေလို့လည်း (သတိ ပညာ လက်လွတ်နေလို့ပါဘုရား) သတိရော၊ ပညာရော လွတ်တယ် လို့ ဆိုလို့ရှိရင် ဒကာ-ဒကာမတွေ ဒါဖြင့် မသိလို့ လွတ်တာ ပဲ (မှန်လှပါ)။

မသိတာက အဝိဇ္ဇာ၊ ဩော်---အဝိဇ္ဇာနဲ့ နေလို့ ဒါ လက်လွတ်သွားတာ (မှန်လှပါ) မရှိ ဘာနဲ့နေလို့လဲ (အဝိဇ္ဇာ နဲ့ နေလို့ဘုရား) ဒါဖြင့် အဝိဇ္ဇာနဲ့ နေလို့ရှိရင် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ခက်ချည့်ရဲ့ (မှန်ပါ့) **အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။** ဇာတိ၊ ဇရာ၊ မရဏကျ အောင် မသွားဘူးလား (သွားပါတယ်ဘုရား)။

ဩော်---ဒို့ ဒကာ-ဒကာမတွေ ငါမှ မပေးလို့ရှိရင်ဖြင့် သူတို့ မသိတာနဲ့ချည်း သွားတော့မှာ။ မသိတာနဲ့ သွားရင် အိုနာသေ အပါယ်ကျအောင် သွားတော့မှာ (မှန်ပါ့)

မသိတာက အဝိဇ္ဇာကိုဗျ။ (မှန်ပါ့) **အဝိဇ္ဇာပစ္စယာက** ဘာတဲ့ (**သင်္ခါရာ** ပါဘုရား) **သင်္ခါရပစ္စယာ** (ဝိညာဏံပါဘုရား) ကဲ သွားလိုက်ပါအုံး။ ကောင်းနိုင်သေးရဲ့လား၊ ဟိုဘက် အကောင်းလာသေးရဲ့လား (မလာပါဘုရား)။

ဪ် ဒါဖြင့် တို့ဆရာ ဘုန်းကြီးက ဟော့ သိအောင် လုပ်ဆိုတဲ့ အချက်ကလေးဟာ ကျဉ်စကလေးက စပြီး သကာလ နာစကလေးစပြီးသိအောင် လုပ်ဆိုတဲ့ဥစ္စာ အနိစ္စ အသိခိုင်းနေတာ၊ ဖြစ်ပျက် ဒုက္ခသစ္စာ အသိခိုင်းနေတာ၊ တို့ ကလည်း သတိမထားဘူးဆိုတော့ တို့သတိမထားတာလေးက အပြောကောင်းသလောက် ခင်ဗျားတို့မှာ အရုပ်ဆိုးတယ် (မှန်ပါ့ဘုရား)။

အပြောကတော့ တို့သတိမထားမိဘူးဆိုတော့ သတိမရှိတော့ မသိတာပေါ့ဗျာ၊ မသိတာ ဘာခေါ်ကြမယ် (အဝိဇ္ဇာပါဘုရား) ဟာ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အပြောကောင်းသလောက် အဖြစ်ကတော့ မဆိုးဘူးလားဗျာ (ဆိုးပါတယ်)။

အဖြစ်က မရီ ဘာတဲ့တုံး (အဝိဇ္ဇာပါဘုရား) မသိ တာ ဘာခေါ်ကြမယ် (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာလာတော့ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ အိုနာသေတွေ ရပ်သေးရဲ့လား (မရပ်ပါဘုရား)။

## မသိတာနဲ့စက်နေတာ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ခွဲတဲ့ မသိတာနဲ့ဘဲ ခင်ဗျားတို့ ခက်နေတာ (မှန်လှပါဘုရား) ဒါဖြင့် ကျဉ်စရယ် တော်တော်ကြာ ကျဉ်တာလေးကြီးလာ၊ တော်တော်ကြာတော့ မထနိုင်အောင် ကျဉ်လာဆိုတော့ မထနိုင်အောင် ကျဉ်လာတာသည် ဘယ်က လာသလဲ မေးတော့ ကျဉ်စလေးမပါဘဲနဲ့ လာပ့ါမလား (မလာပါဘုရား)။

အဲဒီ ကျဉ်စလေး ခင်ဗျားတို့ သိသေးရဲ့လား (မသိပါဘုရား) မသိတာ ဘာခေါ်ကြမယ် (အဝိဇ္ဇာပါဘုရား) ဩော်ဒါဖြင့် ခင်ဗျားတို့ တိရစ္ဆာန်နေ နေတာပဲ (မှန်လှပါ) ကျဉ်စမှ မသိဘဲကိုး (မသိပါဘုရား) ဘယ်သူ ကျဉ်တာတုံးလို့ မေးတော့ မိမိအသားပေါ်မှာ ကျဉ်တာ (မှန်ပါဘုရား)။

အဲဒါ မသိဘူးဆိုကတည်းက ဒကာ-ဒကာမတို့ ဘာဆိုကြမယ် (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာဖြစ်နေတယ်။ အဝိဇ္ဇာဖြစ်ပြီးသကာလ နေတာ အဝိဇ္ဇာတွင် ရပ်မြဲ ခမွတာရှိရဲ့လား (မရှိပါဘုရား) အိုနာသေ ကျအောင် မသွားဘူးလား (သွားပါတယ်ဘုရား)။

အဲဒါတော့ ဘုန်းကြီးက မတားသင့်ဘူးလားဗျာ (တားသင့်ပါတယ်ဘုရား) ဒကာ-ဒကာမတို့ မသိတော့ အဖန်ဖန်အို၊ အဖန်ဖန် နာ၊ အဖန်ဖန်သေတဲ့ဘက်ပြေးပြီ အဝိဇ္ဇာက

ကျေးဇူးပြုလိုက်ပြီ မကောင်းတာတွေကို ရှက်ဆောင်လိုက်ပြီ ဆိုတော့ မရှိကောင်းသေးရဲ့လား (မကောင်းပါဘုရား)။

## ဝိဇ္ဇာဖြစ်တယ်ဆိုတာမဂ်ရတာ

ဒါဖြင့် ဒကာ-ဒကာမတွေ ဘုန်းကြီး စိုးရိမ်သလောက် တို့က အစကတည်းက ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း တို့သိအောင် လုပ်မယ်ဆိုလို့ရှိရင်ဖြင့် ဒကာ-ဒကာမတွေ ဘယ်မှာသာလျှင် အဝိဇ္ဇာကို လာသေးရဲ့လား (မလာပါ ဘုရား) အဝိဇ္ဇာ မလာတော့ ဘာဖြစ်သတုံး (ဝိဇ္ဇာပါ ဘုရား) **ဝိဇ္ဇာ ဥဒပါဒိ**ဆိုတော့ ဝိဇ္ဇာ=ဝိဇ္ဇာသည်၊ ဥဒပါဒိ=ဖြစ် ပေါ်လာ၏-ဆိုတော့ ဝိဇ္ဇာဖြစ်တယ်ဆိုတာ မဂ်ရတာလို့ ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား)။

**ဝိဇ္ဇာ ဥဒပါဒိ**ဆိုတာ ဘာခေါ်တယ် (မဂ်ရတာကို ခေါ် ပါတယ်ဘုရား) မဂ်ရတာဆိုတာ သေချာပလား (သေချာပါ ပြီဘုရား) ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ၌ သိအောင်လုပ် နေတဲ့ အရေးဟာ ဘယ်လောက် ကျေးဇူးများသလဲဆိုတော့ သိတာလေးက မဂ္ဂင် သိတာက ဝိဇ္ဇာ၊ မသိတာက အဝိဇ္ဇာ (မှန်ပါ့) ဆိုတော့ မရှိပြောင်းလိုက်တာ သဘောကျရဲ့လား (ကျပါပြီဘုရား)။

မသိဘဲ နေတော့ ဘာတဲ့ (အဝိဇ္ဇာပါဘုရား) ဝေဒနာ လေး ပေါ်တယ် ဒုက္ခဝေဒနာ၊ ကျဉ်စလေးက ဒုက္ခဝေဒနာ အငယ်။ ကျဉ်တယ်ဆိုတော့ ဝေဒနာအလတ်။ အင်မတန် ကျဉ်လာတော့ ဒုက္ခဝေဒနာ အကြီးစား (မှန်ပါ့)။

အဲဒီတော့ အငယ်လေးကမှ ပျက်ပြီးတော့ အကြီး ရောက်ရတာ (မှန်ပါ့) အကြီးကမှ ဒီထက် မခံသာတဲ့ဆီ ရောက်ရတာ (မှန်ပါ့) ဒါကိုမှ ဒကာ-ဒကာမတွေက မသိဘူး အကြီးဆုံးကျမှပဲ သိရတော့တယ်ဆိုတော့ နှစ်ခုပျောက်နေ တယ် (မှန်လှပါဘုရား) နှစ်ခု သိသေးရဲ့လား (မသိပါဘုရား) မသိတာ ဘာခေါ်ကြမယ် (အဝိဇ္ဇာပါဘုရား)။

အို ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ နာလိုက်တဲ့ဖြစ် ခြင်း (မှန်လှပါဘုရား) မရှိ နာလိုက်တာ (မှန်ပါ့) အစက မသိခဲ့တာ နာလိုက်တာ (မှန်ပါ့) မနာဘူးလား (နာပါတယ်) မသိတာဘာ (အဝိဇ္ဇာပါဘုရား) ဟော အဝိဇ္ဇာလာတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဇာတိ၊ ဇရာ မရဏ ကောင်းသေးရဲ့လား (မကောင်းတော့ပါ ဘုရား) မခြုံ ကောင်းသေးရဲ့လား (မကောင်းတော့ပါဘုရား)။

အင်မတန် ဆိုးမသွားဘူးလား (ဆိုးပါတယ်ဘုရား) အဲဒီတော့ ဘုန်းကြီးတို့ ဒကာ- ဒကာမတွေကို ဘုန်းကြီးက ဂရုစိုက်ပြီးတော့ ပြောနေတာ၊ ဩော်--သံသရာကြီး

အဝိဇ္ဇာက နေပြီး သင်္ခါရတွေကို တည်ထောင်တာ မသိလိုက်တော့ကို သူတို့သည် သင်္ခါရ ဖြစ်ရဦးတော့မယ်။ သင်္ခါရဖြစ်လို့ရှိရင် အိုနာသေနဲ့ သူတို့နဲ့ မခွဲရတော့ဘူး။ သနားလှချည်ရဲ့ ငါဖြင့် သူတို့သိတဲ့ အလုပ်ပဲ ခိုင်းဦးမှပဲဆိုပြီးတော့သုံးပိုင်း ပိုင်းပြီး သကာလ မခြုံပြောလာတယ် (မှန်လှပါဘုရား)။

ဒါဖြင့် ကျဉ်စကလေးသည်ကား ဒုက္ခဝေဒနာအငယ်၊ ကျဉ်လယ်က ဒုက္ခဝေဒနာအလတ် (မှန်ပါ့) မထနိုင်လောက်အောင်ကျဉ်ရင် ဒုက္ခဝေဒနာ အကြီးစား (မှန်ပါ့ဘုရား) အဲဒီတော့ ဒုက္ခဝေဒနာ အကြီးစားကျမှ သိကြတော့ကောင်းသေးရဲ့လား (မကောင်းတော့ပါဘုရား)။

ဘယ်ကစပြီး သိရမှာလဲ (အငယ်ကစပြီး သိရမှာပါဘုရား) အငယ်ကစတာကို အငယ်ကစသိမယ် ဆိုလို့ရှိရင်ဖြင့်ဩော်---သူဒုက္ခဝေဒနာလေးပဲ ဒုက္ခဝေဒနာလေးပဲလို့ ဉာဏ်နှင့် သိလိုက်ပြီဆိုမှဖြင့် ဒုက္ခဝေဒနာလေးလဲ ဖြစ်ပြီး ပျက်တာပဲလို့သိလိုက်ရင် ဟောဒီကျဉ်လတ်ကို မရောက်ဘူး (မှန်လှပါဘုရား) ကျင်လတ်မှ မရောက်ဘဲနဲ့ ခုနင်က မထနိုင် အောင်ကျဉ်တဲ့ဆီ ရောက်ပါ့မလား (မရောက်ပါဘုရား)။

အဲဒီတော့ ဒကာ-ဒကာမတွေက ဝေဒနာလဲ မကုတတ်တဲ့အပြင် ဝေဒနာတောင် ကြီးအောင် လုပ်နေသေး

တော့ ဘယ်မှာသာလျှင်ဝေဒနာသက်သာစရာ မြင်သေးတုံး (မမြင်တော့ပါဘုရား)။

ဟော ဘုန်းကြီး ပြောတာကို သေသေချာချာ မှတ်ထား (မှန်ပါ့ဘုရား) နာတာလေးက နာစကသာ ရှုလိုက်လို့ရှိရင် ဒီအနာက သိပ်ကြီး မလာတော့ဘူး (မှန်ပါ့) ဒီထက်မခံသာအောင်လဲ ဖြစ်မလာတော့ဘူး (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ အနာကြီး ကြီးမှသိကြလို့ရှိရင်ဖြင့် ခင်ဗျားတို့ဟာ အနာငယ်နှင့် အနာလတ်ကို မသိကြတဲ့အတွက် အဝိဇ္ဇာကြောင့် အနာကြီးရတာ (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) မရှိ ဘာကြောင့် ရတာတုံး (အဝိဇ္ဇာကြောင့်ပါ)။

ဝိဇ္ဇာနဲ့ အစောကြီး နာစကတည်းက အင်း-နာတာလေးက ဒုက္ခဝေဒနာဖြစ်ပျက်ကလေးပဲလို့ ဆိုလို့ရှိရင်ဖြင့် ဟောဒီအနာလတ်တောင် မပေါက်တော့ဘူး (မှန်ပါ့) သူကဖြစ်ပျက်သွားပြီ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## အဝိဇ္ဇာဖြင့် အဝင်မခံကြပါနဲ့

အဲဒီတော့ ဒကာ-ဒကာမတွေ အဝိဇ္ဇာဖြင့် အဝင်မခံကြပါနဲ့။ အဝိဇ္ဇာ အဝင် ခံတဲ့နေ့ကစပြီး အိုနာသေ ငါ့ဟာ

မှတ်လိုက် (မှန်လှပါဘုရား) ကဲ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်၌ ဘာဝေဒနာပေါ်ပေါ် ပေါ်စသိအောင်လုပ် (မှန်ပါ့) သိရင် အဝိဇ္ဇာလား ဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာလာပြန်တော့လည်း အဝိဇ္ဇာက ချုပ်ရ တယ် (မှန်ပါ့ဘုရား) အဝိဇ္ဇာ ချုပ်တယ်ဆိုကတည်းက သံသရာ စခန်းသတ်ပါပြီ (မှန်လှပါဘုရား) အိုနာသေတွေ လည်း သေခန်းရှင်ခန်း ပြတ်ပါပြီ(မှန်လှပါ)ဘယ်လောက်များ အဖိုးတန်သလဲ (အဖိုးတန်ပါတယ်ဘုရား)။

အေး ဒါကြောင့် ဒီလိုသာ သိသွားမယ်ဆိုရင် ဒကာ-ဒကာမတို့ (၇)ရက်နဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဖြစ်နိုင်တယ် (မှန်လှပါဘုရား) ဩ်---တို့ ဘာလို နေပါလိမ့်မလဲ။ အစ မသိလို့ နေတာပေါ့ (မှန်ပါ့ဘုရား)။

ဘာဖြစ်ဖြစ် ဒကာ-ဒကာမတွေက လွန်မှပဲ သိတယ် (မှန်ပါ့) ဘာဖြစ်ဖြစ် လွန်မှ သိတယ်၊ ယားတာလေးလဲ မခံ မရပ်နိုင်မှသိတယ်(မှန်လှပါဘုရား) ယားစလေးက သူမသိဘူး (မသိပါဘူးဘုရား) မသိတော့ ယားစ ဝေဒနာလေးဖြစ်ပျက် မရှုမိတော့ အယားကြီးပေါ်လာတာပေါ့ဗျာ (မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသလဲ (ကောင်းပါတယ် ဘုရား)။

အဲဒါကြောင့်ဒကာ-ဒကာမတွေကို သတိပေးရတယ်။ ဘယ်လို သတိပေးတုံးဆိုတော့ ဒကာ-ဒကာမတွေက မိန်းမ ဆိုတာဘုရား - ဝေဒနာ၊ ယောကျ်ားများနဲ့ မတူဘူးဘုရား၊ အင်မတန်မှ ထူးခြားတဲ့ ဝေဒနာတွေ၊ သူများ မပေါက်တဲ့ ဝေဒနာတွေ တပည့်တော်တို့မှာ သီးသန့်ဝေဒနာတွေက ရှိတယ်ဘုရား၊ ယောကျ်ားများမှာ မပေါက်တဲ့ ဝေဒနာတွေကရှိတယ်။

အဲဒီဝေဒနာတွေကို ခင်ဗျားတို့က ဘာမှ မစိုးရိမ်နဲ့ ဖြစ်စလေးသာ ဉာဏ်နဲ့ပေါ်လာတာကို ဖြစ်ပျက်ရှု (မှန်ပါ့ ဘုရား)၊ ဖြစ်ပျက်ရှုလိုက်ရင် ဒီဝေဒနာအလတ်လည်း မလာဘူး၊ အကြီးကြီးလည်း မလာဘူး၊ အကုန်ချုပ်သွားတာပဲ (မှန်လှပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ရှင်မဟာကဿပကြီး မကျန်းမာဘူး

ဒါကြောင့် ဘုန်းကြီး ခဏခဏပြောရတယ်။ ရှင်မဟာကဿပကြီးက မမာဘူး။ ခေါင်း အင်မတန်ကိုက် ဘယ် (မှန်ပါ့)၊ ခေါင်း အင်မတန်ကိုက်တော့ ဘုရားက ဟော့ ကဿပ ဘယ်နှယ့်နေတုံး၊ ဟာ မခံမရပ်နိုင်အောင် ကိုက် ပါတယ်ဘုရား၊ အို မင်းဖျင်းလိုက်တာကွာတဲ့။ မင်းဗောဇ္ဈင် ဆိုတဲ့ပညာနဲ့ ရှုပါလားကွ။

ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာ မဂ္ဂင်ပဲနော် (မှန်လှပါဘုရား)၊ အဲဒါလေးနဲ့ မင်း. . . ဖြစ်ပျက်ရှုပါလားကွ။ အို. . . တပည့်တော်ဘုရား သတိမထားမိဘဲ ရှိနေတယ်။ အဝိဇ္ဇာတော့ မရှိတော့ပါဘူး (မှန်လှပါဘုရား)၊ အဝိဇ္ဇာကတော့ ရဟန္တာမို့ ချုပ်ပြီးသားပေါ့ဗျာ (မှန်လှပါဘုရား)။

တပည့်တော် သတိမထားမိဘဲ ရှိနေတယ် ဘုရားတဲ့၊ တရားတွေ တက်လာကတည်းက ဒီဥစ္စာ၊ ဒီပညာဟာ တပည့်တော်မှာ ကိုယ်ပိုင်ရှိပြီးသား (မှန်ပါ့ဘုရား)။ ဟုတ်ပါ့ဘုရား အရှင်ဘုရားလာပြီး သတိပေးတော့မှ၊ အင်း. . . ဝေဒနာ မရှုဘူးလားလို့ မေးလိုက်တော့မှ တပည့်တော် သတိရတယ်။

ကဲ. . . ရှုပါတော့မယ်ဆိုပြီး ရှုလိုက်တော့ ဘုရားလည်း ကြွသွားရော။ ဟော့ ဝေဒနာရှုရစ်ဟော့ ငါသွားတော့မယ်။ ဘုရားလည်းနှစ်လှမ်းသုံးလှမ်းရောက်သေးတယ်။ ကဲ. . မရီရေ ဒီဝေဒနာပိန်းကြာဖက် ရေမတင်သလို လျှောကျသွားတာပဲ (မှန်ပါ့ဘုရား)၊ ကဲ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ကဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ဝေဒနာသည်တွေဖြစ်ပြီးသကာလ နေကြတော့ အဲဒီ အစသာ ရှုမိရင် ဘာမှ မပူနဲ့ (မှန်ပါ့) ဒီဝေဒနာကြီးကို မလာတော့ဘူး (မှန်ပါ့)၊ ကြီးကိုမလာတော့ပါဘူး။ ကဲ. . . ဒေါ်ခန့်တို့ ကျေနပ်ပလား (ကျေနပ်ပါတယ်ဘုရား)။

## အစသာသိအောင်လုပ်ပါ

အဲဒါကြောင့် တပည့်တော်တို့က ဝေဒနာခံစားရမှာ များ သိပ်ကြောက်တာပဲဆိုတော့ အစသာ သိအောင် လုပ်လိုက်ပါ (မှန်ပါ့) အစသိအောင်လုပ်လိုက်လို့ရှိရင် အလတ်စားကောဖြစ်သေးရဲ့လား (မဖြစ်တော့ပါဘူးဘုရား) အကြီးစားကောဗျာ (မဖြစ်တော့ပါဘူးဘုရား)။

အေး. . . ဒါကြောင့် ဒကာ ဒကာမတွေမှာ ဘာလေးလိုနေသလဲဆိုတော့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း အစမတွေ့တာခက်နေတာ (မှန်လှပါဘုရား)။

သုခပေါ်လာလည်း ဒကာ ဒကာမတွေက မတွေ့၊ သုခ ဝေဒနာမတွေ့တော့ **သုခဝေဒနာ ပစ္စယာ တဏှာ** (မှန်လှပါဘုရား) မတွေ့တော့ သူက ထုံးစံအတိုင်းပေါ့ဗျာ (မှန်လှပါဘုရား) ဟုတ်လား။

## ခွေးသေကောင်ပုပ်ဥပမာ

အိမ်နား ခွေးသေကောင်ပုပ်တစ်ကောင် လာပစ်ထားတယ်။ ခင်ဗျားတို့က မတွေ့ဘူးဆိုတော့ ဒီနေ့တော့ မနံသေးဘူးပေါ့။ နက်ဖြန်ကျတော့ ဘာဖြစ်မယ်ထင်သလဲ (နံမှာပါဘုရား)။ ဘာကြောင့်လဲ မနေ့က မတွေ့မိလို့ ဒီနေ့ပိုပြီး အရုပ်ဆိုးလာတယ် (မှန်လှပါဘုရား) ဒီနေ့သာ မတွေ့မိရင် ၂ရက်၊

၃ရက်ရှိပြီဆိုရင်တော့ ဆွဲပစ်ဖို့တောင် အင်မတန် ခဲယဉ်းပြီ (မှန်ပါ့ဘုရား)၊ ဘာကြောင့်တုံး (မတွေ့မိလို့ပါဘုရား) မတွေ့မိလို့။

မတွေ့တာ အဆိုးဆုံးပဲ။ ပထမနေ့က တွေ့မယ်ဆိုရင် ဒုတိယနေ့မှာ အနှံ့နှိပ်စက်စရာတောင် ရှိသေးရဲ့လား (မရှိပါဘုရား) အခုတော့ ၃ရက်ရှိတာတောင်မှ မတွေ့သေးတော့ ဒီနား လင်းတတွေကျတော့မှ သိတော့တယ်ဆိုတော့ ကောင်း သေးရဲ့လား (မကောင်းတော့ပါဘုရား)။

ဒါဖြင့် အစ မသိတာဟာသည် နံလည်းနံသေး၊ စော်လည်း စော်ရသေးတယ်။ လင်းတတွေလည်း ကိုယ့်အိမ်နား အနားခံရသေးတယ် (မှန်လှပါဘုရား) တော်တော်ကြာကျတော့ ပုပ်လိုက်ညှီလိုက်တာလည်း ပြောစရာမရှိအောင် နံသေးတယ်ဆိုတော့ အဲဒါ ဘာမသိလို့ ဒီလောက်ဒဏ်ချက်တွေ ပိရတာလဲ (အစမသိလို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝေဒနာ အစမသိရင် ဝေဒနာကြီးချည်း ရမှာပဲ (မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဝေဒနာအစသိရင်ဖြင့် (ဝေဒနာကြီး မရပါဘုရား)။

ဒါဖြင့် ဝေဒနာကြီး ကြောက်တဲ့ပုဂ္ဂိုလ်သည် ပေါ်လာစ ဝေဒနာလေးကိုသာ ဖြစ်ပျက်ရှု (မှန်လှပါဘုရား)။

## ဘုရားဆေးက အမှန်ပျောက်တယ်

အဲဒီတော့ ဒကာ ဒကာမတွေ ခင်ဗျားတို့က ဆရာဝန်တို့ ဆေးသမားတို့ကိုသာ အားကိုးမနေကြပါနဲ့။ ဘုရားဆေးထက်တော့ ဘယ်ဟာမှ အမှန်မပျောက်ဘူး (မှန်လှပ်ဘုရား)။

ခင်ဗျားတို့ ဒီဝေဒနာလောက် မဆိုပါနဲ့။ ၁၅၀၀ ကိလေသာကြီး နောက်ဘဝတုန်းက ဒယ်အိုးထဲ ပစ်ချဖို့ နောက်က စောင့်နေတဲ့ ကိလေသာအနာကြီးတောင်ပဲ ဒီဝိပဿနာမင်္ဂညဏ်နဲ့ ရှုလိုက်တဲ့အခါ ကိလေသာအနာတွေတောင် အကုန်ပျောက်သွားတာ (မှန်လှပါဘုရား)။

ဒီကိုယ်ပေါ်မှာ နာတဲ့အနာတော့ မဆိုပါနဲ့တော့ (မှန်လှပါဘုရား) ဒီလောက် အဖိုးတန်ပါတယ် (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ပျင်းတာလေး ကိုယ်တွင်းမထားပါနဲ့

အဲ. . . ဒီတော့ ခင်ဗျားတို့အတွက် တိုက်တွန်းချင်တာက ဒကာ ဒကာမတွေအတွက် လေးလေးစားစားကြီး ဘုန်းကြီးများက မှာပြီး တိုက်တွန်းချင်တာက **ပျင်းတာလေးကိုတော့ဖြင့် အပြင်ထုတ်ပစ်လိုက်ကြပါ** (မှန်လှပါဘုရား)။ ပျင်းတာလေးကိုဖြင့် ကိုယ်တွင်းမထားပါနဲ့ (မှန်လှပါဘုရား)။

ပျင်းတာလေးကိုဖြင့် ကိုယ်တွင်းမထားပါနဲ့၊ အပြင်ထုတ်ပစ်လိုက်ကြပါ။

မရီ ဘာမှာတုံး ဘုန်းကြီးက (ပျင်းတာလေး ကိုယ်တွင်းမထားပါနဲ့ဘုရား)၊ အေး. . . ပျင်းတာလေးကို ကိုယ်တွင်းမထားပါနဲ့တော့။ ဒီနေ့တော့ မအားသေးလို့ မရှုသေးဘူး ဆိုရင်ဖြင့် ပျင်းတာလေး ကိုယ်တွင်းရောက်လာပြီ (မှန်လှပါဘုရား)။

ဒီနေ့တော့ နေ့လည်တစ်နေ့လုံး လုပ်ရ ကိုင်ရတာ မအားဘူး။ ညှော့သည် စောင်သည်တွေက ရှုပ်လွန်းလို့ မနက်ဖြန်မှ လုပ်တော့မယ်ဆိုတော့ ပျင်းတာလေး အတွင်းရောက်လာပြီ (မှန်လှပါဘုရား)။ မနက်ဖြန်ကျတော့လည်း ဒီလိုပဲ ထိုနည်းအတူ ရှုပ်ပြန်တော့လည်း သဘက် ရွှေ့သွားတယ် (မှန်လှပါဘုရား)။

ပျင်းတာလေးတွေကချည်း အတွင်းရောက်နေတာ (မှန်ပါ့ဘုရား)၊ အဲဒီပျင်းတာလေး အတွင်းရောက်မှဖြင့် ဘုန်းကြီးက အစိုးရိမ်ဆုံးအချက်ပဲ (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မခြုံ ဘာအစိုးရိမ်ဆုံးလည်း (ပျင်းတာလေး အတွင်းရောက်မှာဘုရား)။ ပျင်းတာလေး ဝမ်းထဲရောက်မှာ အစိုးရိမ်ဆုံးပါ (မှန်ပါ့)၊ မတူ ဘုန်းကြီး စိုးရိမ်တာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက

**အာရမ္မထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ၊**

**ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။**

**ယော ဣမသ္မိံ ဓမ္မဝိနယေ အပ္ပမတ္တော ဝိဟဿတိ**

**ပဟာယ ဇာတိသံသာရံ ဒုက္ခဿန္တံ ကရိဿတိ။**

ဆိုတော့ ပျင်းတာလေး ဝမ်းထဲရောက်လာရင်တော့ ဝေဒနာလေးတွေ ပေါ်တယ်။ မရှုမိဘူး မရှုဖြစ်တော့ ပျင်းတာလေးက ဝမ်းထဲရောက်လာတော့ **ဝေဒနာပစ္စယာ တဏှာ**ဟုတ်ပလား (မှန်ပါ့)၊ မလာပေဘူးလား (လာပါတယ်ဘုရား)။

## ဝေဒနာမရှုဖြစ်တော့ တဏှာလာတယ်

ပျင်းတာလေး ဝမ်းထဲရောက်လာပြီ မရှိရ (မှန်ပါ့) ဝေဒနာရှုဖြစ်သေးသလား (မရှုဖြစ်ပါဘုရား) မရှုဖြစ်တော့ ဝေဒနာပေါ်နေမှာပဲ (မှန်လှပါဘုရား)၊ ဝေဒနာလေး လှည့်ပေးနေမှာပဲ။ ပေါ်တော့ ဝေဒနာပစ္စယာ ဘာဖြစ်လာတုံး (တဏှာပါဘုရား)၊ ဝေဒနာပစ္စယာ တဏှာဖြစ်လာတယ်။

တဏှာဖြစ်လာတာ အလိုလိုလာရတာလား၊ ပျင်းမှုကြောင့် လာရတာလား (ပျင်းမှုကြောင့် ဝင်လာတာပါဘုရား)၊ ဒါဖြင့် သေမင်းဝင်လာတာကိုး (မှန်ပါ့) ခင်ဗျားတို့ သေမင်း

ဝင်လာပြီ (မှန်ပါ့)၊ ခင်ဗျားတို့ ပျင်းလိုက်ပြန်တော့ သေမင်းဝင်လာပြီ (မှန်လှပါဘုရား)။

ဘုန်းကြီးလည်း မတတ်နိုင်တော့ဘူး (မှန်လှပါဘုရား)၊ ဒီတဏှာဆိုတာသည် ခင်ဗျားတို့ကို ဘုံဘဝတွေမှာ အိုအောင်၊ နာအောင်၊ သေအောင် လုပ်မယ့် သေမင်း (မှန်လှပါဘုရား)။

## ဘုန်းကြီးမစိုးရိမ်သင့်ဘူးလား

အဲဒါ ဘယ့်နှယ့်ကြောင့် ဒီသေမင်းဝမ်းထဲ ရောက်လာပါလိမ့် (ပျင်းလို့ပါဘုရား)၊ ဒါဖြင့် ဘုန်းကြီး မစိုးရိမ်သင့်ဘူးလား (စိုးရိမ်သင့်ပါတယ်ဘုရား)၊ ဒို့ ဒကာ ဒကာမတွေ ငါမရှိလို့ရှိရင် ဘယ်သူများ ဝင်နှိပ်စက်မလဲဆိုတာ မိုးကုတ်ကတွေးရင် ခင်ဗျားတို့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ရိပ်မိပြီ၊ ရိပ်မိပြီ။

ဘာလေးတုံးဆိုတော့ ပျင်းတာလေးကြောင့် ရန်သူဝင်လာပြီ။ ကဲ ဒါဖြင့် ဒေါ်အုန်းခင် ပျင်းတာလေးက နည်းနည်းနောနော နစ်နာသလား၊ ရန်သူအကြီးအကျယ်ရောက်လာသလား (ရန်သူအကြီးအကျယ်ရောက်လာတာပါဘုရား)။

ရန်သူအကြီးအကျယ်ရောက်လာတော့ ဝေဒနာလေးပေါ်လာတာကို ပျင်းတာနဲ့ပဲ မသိလိုက်ဘူး (မှန်လှပါဘုရား)၊ မသိတာက **အဝိဇ္ဇာ ဝေဒနာ ပစ္စယာ တဏှာ** ပေါ့. . .

အဝိဇ္ဇာနဲ့ တဏှာလာပြီ၊ ရောက်မလာဘူးလား (ရောက်လာပါတယ်ဘုရား)။

မသိတာက ဘာတဲ့တုံးဗျာ (အဝိဇ္ဇာပါဘုရား)၊ အဲဒီတော့ ဝေဒနာမရှုမိတဲ့အတွက် **ဝေဒနာပစ္စယာ တဏှာ** ကော (လာပါတယ်ဘုရား)၊ ဒါဖြင့် မသိတာက အဝိဇ္ဇာ၊ အစဉ်အတိုင်းလိုက်တာက တဏှာ၊ ဟော- ကြောက်စရာမကောင်းဘူးလား (ကြောက်စရာကောင်းပါတယ်ဘုရား)။

## သေမင်း၏သတ်စရာ သိုးကောင်ပမာ

အဝိဇ္ဇာ တဏှာဆိုလို့ရှိရင်ဖြင့် ဟော့. . . သတ္တဝါကောင်ဖြစ်ဦးတော့မှာပဲ။ သေမင်း၏ သတ်စရာ သိုးကောင်ပမာ ဖြစ်ဦးမှာပဲ (ဖြစ်မှာပါဘုရား)၊ ဟုတ်လား၊ သိုးတွေဟာ ဒကာ ဒကာမတို့စဉ်းစားကြည့်။ သတ္တဝါတွေအားလုံးသောပုဂ္ဂိုလ်တွေ စားဖို့ ဝါးဖို့ ဖြစ်လာတာ။

နွားလို ခိုင်းလို့လဲ မရဘူး၊ လယ်ထွန်ပါ၊ ယာထွန်ပါလို့ သူတို့ ခိုင်းလို့ သူတို့အားနဲ့ မျှရဲ့လား (မမျှပါဘုရား) မမျှတော့စားဖို့ ဖြစ်လာသလို (မှန်ပါ့) စားဖို့ သတ္တဝါဖြစ်လာသလို ခင်ဗျားတို့ ဘုန်းကြီးပြောတာကို နားမထောင်လို့ရှိရင် ခင်ဗျားတို့ သတ္တဝါမျိုးစေ့ နှစ်ခု ရောက်လာမယ် (မှန်လှပါဘုရား)။

ဝေဒနာလေး ပေါ်လာလည်း မသိတာက ဘာတဲ့ (အဝိဇ္ဇာပါဘုရား)၊ အစဉ်အတိုင်း လိုက်လာတာက (တဏှာ ပါဘုရား)။ ဪ. . . အစဉ်အတိုင်း လိုက်လာတာ ဆိုတာက ဝေဒနာ ပစ္စယာ တဏှာ (မှန်ပါ့ဘုရား)။ သတိမထား လိုက်လို့ မသိတာက အဝိဇ္ဇာ (အဝိဇ္ဇာပါဘုရား)။

ဟော အဝိဇ္ဇာနဲ့တဏှာ ဝမ်းထဲရောက်လာပြီ၊ သဘောကျရဲ့လား (ကျပါပြီဘုရား)၊ အဝိဇ္ဇာနဲ့ တဏှာ ဝမ်းထဲ ရောက်လာတော့ သိုးကောင်လို သေစရာသတ္တဝါလေး မဖြစ် ရဘူးလား (ဖြစ်ရမှာပါဘုရား)။

ဒါဖြင့် သေစရာ သတ္တဝါလေးဆိုတော့ သိုးသတ် သမားတို့၏လက်ထဲမှာ ခင်ဗျားတို့ မဆုံးရှုံးရပေဘူးလား (ဆုံးရှုံးရမှာပါဘုရား)။

အသက် ဆုံးရှုံးရမယ် (မှန်ပါ့)၊ ဪ- ဒကာ ဒကာမ တွေသိအောင်လုပ်ပါဆိုတာလေး မသိအောင် လုပ်မိတာနဲ့ ပဲ အခု သတ္တဝါဖြစ်လို့ သူတစ်ပါး၏ စားဖတ် ဝါးဖတ်အဖြစ်နဲ့ ပဲ ခန္ဓာကိုယ်နဲ့ အမှုထမ်းရရှာတယ် (မှန်ပါ့ဘုရား) မနစ် နာဘူးလား (နစ်နာပါတယ်ဘုရား)။

## နွားတွေက ပခုံးနဲ့ အမှုထမ်းရတယ်

ဒီပြင် နွားတွေက အမှုထမ်းရတယ်ဆိုတာ ပခုံးနဲ့

အမှုထမ်းရတယ် (မှန်လှပါဘုရား) သို့ကတော့ ကိုယ့်အသားနဲ့အမှုထမ်းရတာ (မှန်ပါ့)၊ အဲဒီတော့ ခင်ဗျားတို့က အဝိဇ္ဇာနဲ့ တဏှာရောက်လာရင် အသားနဲ့ အမှုထမ်းရလိမ့်မယ် (မှန်လှပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဝက်တွေက အသားနဲ့အမှုထမ်းရတယ်

ဝက်များသည်ကားဆိုလို့ရှိရင်ဖြင့် လူတွေ၏အမှုကို ဘယ်လိုများ ထမ်းရပါလိမ့်မလဲဆိုတာ သဘောကျပလား (ကျပါပြီဘုရား) ဘာနဲ့ ထမ်းကြရသလဲ (အသားနဲ့ အမှုထမ်းရပါတယ်ဘုရား) အသားနဲ့ အမှုထမ်းရတယ်။ ကဲ အသားနဲ့ အမှုထမ်းရတယ်ဆိုကတည်းက အသက်စွန့်ပြီး အမှုထမ်းရတာပေါ့ (မှန်လှပါဘုရား)။

## အသိဉာဏ်ရှိတဲ့သူက သနားတယ်

ခင်ဗျားတို့က အဝိဇ္ဇာ တဏှာသာ ရောက်လာမယ်ဆိုရင် သတ္တဝါဖြစ်လို့ အသားနဲ့အသက်နဲ့ အမှုထမ်းရလိမ့်မယ် (မှန်လှပါဘုရား)၊ အဲဒါကြီးကို ဘုန်းကြီးက မသနားပါနဲ့ဆိုလို့ ရမလား (မရပါဘုရား) **ခင်ဗျားတို့က ပြုံးနိုင်သလောက် အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်က သနားတယ်** (မှန်လှပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကတော့ ပြုံးချင်ပြုံးလိမ့်မယ်။ မသိလို့ ပြုံးတာကိုးဗျ (မှန်ပါ့ဘုရား) မသိလို့ ပြုံးတာကိုလည်း ဘုန်းကြီးတို့က ဗွေယူလို့ မရတော့ဘူး (မှန်လှပါဘုရား)၊ ဩော်- မသိရှာလို့ ပြုံးတာပဲ (မှန်ပါ့)၊ သို့သော်လည်း ဆရာဘုန်းကြီးများကတော့ အင်း- သူပြုံးသလောက် သူနစ်နာမှာ ဖြစ်သောကြောင့် ပြုံးမနေနဲ့။ ဒီလို လုပ်လိုက်ပါဦး (မှန်လှပါဘုရား)၊ ခင်ဗျားပြုံးတာက အရူးပြုံး ပြုံးတာ၊ အကောင်းပြုံး မဟုတ်ဘူး။

## ခင်ဗျားပြုံးတာက သေခါနီးပြုံး ပြုံးတာ

မရီ မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား)၊ ကဲ- မခြုံ မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်)၊ မတူတို့ ပြုံးနေတာ ဘာပြုံးလဲ (အရူးပြုံးပါဘုရား)၊ သေခါနီးပြုံး ပြုံးတာ သဘောကျပလား (ကျပါပြီဘုရား)။

သေခါနီးပြုံး ပြုံးတယ်ဆိုတာကတော့ ဘာတုံးဆိုတော့ မသိလို့သာ ပြုံးရတာကိုး။ သိုးပြုံးနေတာသည် ဒကာဒကာမတို့ သူ့ကိုမြက်ကျွေးနေတာ သိုးကျောင်းသားက သူ့ကိုသဒ္ဒါလို့ ကျွေးတာလား၊ အသားများများရအောင်လို့ ကျွေးတာလား (အသားများများ ရအောင်လို့ ကျွေးတာပါဘုရား)။

အဲဒီတော့ သူ့သဒ္ဒါလို့ ပါသေးရဲ့လား (မပါ ပါ

ဘုရား)၊ အဲဒီသိုးတွေက သိုးအချင်းချင်း ပြုံးကြရွှင်ကြဆိုလို့ ရှိရင် ဩော်- မသိရှာလို့၊ မနက်ဖြန်ဆို သူ လည်လှီးခံရမှာ ဆိုတာက မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)။

## ဘုန်းကြီးတို့က သနားတယ်

ဒီမှာလည်း ခင်ဗျားတို့မသိပြုံး ပြုံးနေတာကတော့ ဘုန်းကြီးတို့က သနားတယ် (မှန်ပါ့)၊ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) မသိပြုံး ပြုံးနေတာကိုတော့ အလွန်သနားပါတယ်။ အဲဒါကြောင့် ပညာရှိသနားလို့ရှိရင်ဖြင့် ခင်ဗျားတို့ နစ်နာမယ် ဆိုတာ အောက်မေ့ပေတော့ (မှန်လှပါဘုရား)။

အဲဒီတော့ တို့ဆရာဘုန်းကြီးကလည်း တို့အပေါ်မှာ စေတနာထားတာ၊ သူလည်း သနားတဲ့စိတ်မပေါ်ရလေအောင် ဝမ်းမြောက်တဲ့စိတ်သာပေါ်အောင် တို့ကဖြင့် ဝေဒနာပေါ်တိုင်း သိအောင် လုပ်မယ်ဆိုရင် သိတာက ဝိဇ္ဇာ (မှန်လှပါဘုရား)၊ ဟုတ်လား။ သိတော့ ဝိဇ္ဇာလာတဲ့အခါကျတော့ ဝိဇ္ဇာလည်း လာလိုက်ပါရော၊ ဝေဒနာဖြစ်ပျက် ရှုမိရော တဏှာလည်း မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)။

ဒါသိတာနဲ့ ဝိဇ္ဇာလာတယ် (မှန်ပါ့ဘုရား)၊ ရှုလိုက်ပြန်တော့လည်း တဏှာချုပ်တယ်ဆိုတော့ အဝိဇ္ဇာနဲ့ တဏှာ ချုပ်ရင် သတ္တဝါရေသောက်မြစ် ပြတ်သောကြောင့် ဘယ်သူ့

စားဖတ်ဝါးဖတ်မှ မဖြစ်တော့ဘူး (မှန်လှပါဘုရား)။

ကဲ မရှိ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)၊ ဘယ်လောက်အဖိုးတန်သလဲ (တန်ပါတယ်ဘုရား)၊ ဒါဖြင့် ဝေဒနာလေး ပေါ်တိုင်းပေါ်တိုင်း ဘာလုပ်ကြမယ် (သိအောင် လုပ်ရမှာပါဘုရား)။ ဖြစ်ပျက်သိအောင်လုပ် (မှန်ပါ့)။

ဖြစ်ပြီးပျက်တဲ့တရားကို ခင်ဗျားတို့က ဖြစ်ပျက်သိအောင် လုပ်ရုံပဲ (မှန်ပါ့)၊ မျက်လုံးမှာပေါ်လည်းလုပ်၊ နားမှာပေါ်လည်းလုပ်၊ နှာခေါင်းမှာပေါ်လည်း လုပ်၊ ကိုယ်မှာပေါ်လည်းလုပ် (မှန်လှပါဘုရား)။

## ဝေဒနာနောက်က အသိပညာလာတယ်

လုပ်လိုက်တော့ ဖြစ်ပျက်ကလေးမို့ ဖြစ်ပျက်သိတော့ သိတာက ဝိဇ္ဇာ၊ သိလိုက်တဲ့အတွက် ဝေဒနာနောက်က တဏှာလာသေးလား (မလာပါဘုရား)၊ ဘာလာသလဲ ဒကာဒကာမတို့ အသိပညာလာနေတာ (မှန်လှပါဘုရား)၊ ပညာလာနေကတည်းက တဏှာက မချုပ်ဘူးလား (ချုပ်ပါတယ်) တဏှာချုပ်သွားတော့ အဝိဇ္ဇာနဲ့ တဏှာရှိသေးရဲ့လား (မရှိပါဘုရား)။

အဝိဇ္ဇာနဲ့ တဏှာမရှိကတည်းက ခင်ဗျားတို့ ဘာဖြစ်ချင်လို့ ဘာကောင်မှမဖြစ်တော့ဘူး (မှန်လှပါဘုရား)၊

လူကောင်လဲ မဖြစ်တော့ဘူး၊ နတ်ကောင် လဲ၊ မဖြစ်တော့ဘူး၊ တိရစ္ဆာန်လဲ မဖြစ်တော့ဘူး၊ အပါယ်ကောင်လဲ၊ မဖြစ်တော့ဘူး၊ ဘာကောင်မှ မဖြစ်တော့ဘူး။

ကျုပ်တို့သည် ခုနင်က ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီး အကုန်ကျွတ်လွတ်ပြီး မသွားပေဘူးလား (လွတ်သွားပါတယ်ဘုရား) ကဲ- ဒေါ် အုန်းခင် ဘယ်လောက်အဖိုးတန်သလဲ (တန်ပါတယ်ဘုရား)။

## အပျင်းလက်မခံတဲ့အတွက် သံသရာစခန်းသတ်ပါပြီ

ဒါဖြင့် ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုတဲ့ဒကာ ဒကာမတွေဖြင့် အပျင်းလက်မခံတဲ့အတွက် ခင်ဗျားတို့ဖြင့် သံသရာစခန်းသတ်ပါပြီ။ ငိုပွဲတွေ၊ မျက်ရည်ကျပွဲတွေ၊ ရင်ထုပွဲတွေ၊ မြေလူးပွဲတွေ အကုန်သိမ်းပါပြီ (မှန်ပါ့ဘုရား)။

အခုတော့ အရေးကြုံတယ်ဆိုတဲ့ လင်နဲ့မယား နေရာမကျရင် ကိုယ့်ဟာကို ရင်ထုလိုထု၊ ကြမ်းခုန်လိုခုန်။ ဟုတ်ပလား (မှန်လှပါဘုရား) ကောင်းသေးရဲ့လား (မကောင်းပါဘုရား)။

ကျုပ်ဖြင့် သေသာ သေလိုက်ချင်တာပဲလို့ မျက်ရည်ကြီးငယ်ကျလိုက်၊ ထမင်းစားပျက်လိုက် (မှန်ပါ့)၊ ဘယ်မှာ

အဖိုးတန်တာပါသေးတုံး (မပါ ပါဘုရား)။

အဲဒါတွေသည်ကား ဆိုလို့ရှိရင် ဘယ်လောက်ပဲ ကျန်းမာ ကျန်းမာ၊ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ဒီဥစ္စာ ဖြစ်ရမှာပဲ (မှန်လှပါဘုရား) ခန္ဓာ ရှိရင် ဒါဖြစ်ရမှာပဲ ဟုတ်လား၊ ခန္ဓာရှိရင် ဒါဖြစ်ရမယ် (မှန်လှပါဘုရား)။

## ဇောတိကသူဌေးမ

**ဇောတိက ဒကာမလောက် ချမ်းသာတာ ဘယ်ရှိမတုံး**(မှန်လှပါဘုရား)ဟုတ်လား။ သတုလကာယီ ဘယ်လောက် ချမ်းသာတယ်ဆိုတာ မပြောပါနဲ့တော့တဲ့။ သူတို့မှာ စိန်တိုက်၊ မြတိုက်ကြီးတွေ။ တိုက်ကိုက စိန်တိုက်၊ မြတိုက်ကြီးတွေ တည်ထားတာ (မှန်လှပါဘုရား) ရွှေတံတိုင်းတွေ ခတ်လို့ (မှန်လှပါဘုရား)။

ထမင်းချက်တာတောင်မှ နီလာဆိုတဲ့ မိုးကုတ်က ထွက်တဲ့၊ ထွေးခံလောက်ရှိတဲ့ နီလာသုံးလုံးကို တည်ပြီး အအေးပေါ်မှာ ထမင်းအိုး တည်ပြီးတော့ ဒီအအေးဓာတ်နဲ့ ချက်ရတာ (မှန်လှပါဘုရား)။

## မီးနဲ့ချက်တာ မစားနိုင်ဘူး

မီးခိုးနဲ့ဟာဆိုရင် မျက်လုံးစူးလို့ မစားနိုင်ဘူးတဲ့ (မှန်

လှုပါဘုရား)၊ မရှိ ဘယ်လောက်များ အကျိုးပေးတယ်ထင်တုံး (မှန်ပါ့)၊ မီးနဲ့ချက်တာ မစားနိုင်ဘူးတဲ့။ မီးနဲ့ချက်တာ စားလိုက်ရင် ဝမ်းထဲမှာ အူတွေ အသဲတွေပါ လောင်သတဲ့ (မှန်လှပါဘုရား)။

အအေးနဲ့ချက်တာမှ စားလို့ရတာ။ ဘယ်လောက်နုတဲ့ ရုပ်တုံးဆိုတာများ ပြောဖို့လိုသေးလား (မလိုပါဘုရား)၊ အဲဒါတောင်မှ မျက်ရည်ကျရရှာသေးတယ် (မှန်ပါ့)၊ အဲဒီလောက် အကျိုးပေးနေတဲ့ ဒကာမတောင် မျက်ရည်ကျရသေးတယ် (မှန်လှပါဘုရား)။

ဗိမ္ဗိသာရမင်းကြီးလာတဲ့အခါကျတော့ ဗိမ္ဗိသာရမင်းကြီးက သူတို့တိုက်လာပြီး လည်တဲ့အခါကျတော့ သူ့ကို ဇောတိက က သွားခေါ်တယ်။ ရှင်မ လာခဲ့အုံး။ ဩော်- ဘာလုပ်လာရမှာတုံး? တို့ အသက်ဦးဆံပိုင်တဲ့ ဗိမ္ဗိသာရမင်းကြီးတို့အိမ် လာ လာပြီး ထမင်း လာစားတယ်။

ဩော်- ကံများ ခေလိုက်တာ။ ကိုယ့်အထက်က ဘယ်သူမှ မရှိဘူးထင်တဲ့ဥစ္စာ၊ အခုတော့ အထက်က လူရှိသေးသတဲ့ဆိုပြီး လိုက်လာခဲ့တယ် (မှန်ပါ့ဘုရား)။

## သူ့က မြောက်ကျွန်းသူ

လိုက်လာပြီးသကာလ ဘယ်လိုနေရမှာတုံးလို့

သူကမြောက်ကျွန်းသူကိုးဗျ (မှန်လှပါဘုရား)၊ ဒါ တို့အထက်က သက်ဦးဆံပိုင်တာပဲ။ သူ့ကိုဝတ်ပြုရမယ်၊ ဒါတို့ဝတ္တရား။ ဒီက ယပ်ခတ်ရမယ် (မှန်လှပါဘုရား)။

သူ ရှင်ဘုရင်ကိုးဗျ (မှန်ပ့ါ) ဒီက ယပ်ခပ်ရမယ်ဆိုတော့ ယပ်ခပ်ရှာတယ်။ လုပ်ချင်တဲ့ သဘော နည်းနည်းမှ မပါဘူး (မှန်လှပါဘုရား)။

အင်မတန် ချမ်းသာတာဗျာ့။ မြေပေါက်ချည်းပဲ။ ရွှေတွေ ငွေတွေဟာ (မှန်ပ့ါ)၊ လုပ်စားရတာ တစ်ခုမှ မပါဘူး။

အဲဒါ ယပ်ခတ်တော့ ရှင်ဘုရင်၏ အခိုးနံ့တွေက သူ့မျက်လုံးထဲဝင်တော့ မျက်ရည်ပေါက်ပေါက်ကို ကျတာ (မှန်လှပါဘုရား) **ဒီလောက် ချမ်းသာတာတောင်မှ မျက်ရည်ကျမလွတ်ဘူး** (မှန်လှပါဘုရား)။

## ကုသိုလ်များ မစင်ကြယ်လိုက်တာတဲ့

ဒေါမနဿလည်း ဖြစ်လိုက်သေးတယ်။ ကုသိုလ်များ မစင်ကြယ်လိုက်တာ။ ကြည့်စမ်းပါဦး။ သူတစ်ပါး ယပ်တောင်ခတ်ပြီး ကိုယ့်မှာ နေရတယ်။ ဒါလောက် မစင်ကြယ်တဲ့ ကုသိုလ်လုပ်ခဲ့လို့ ဝမ်းနည်းတယ် (မှန်လှပါဘုရား)။

ရှင်ဘုရင်၏ အခိုးအနံ့တွေကလည်း သူက မြောက်ကျွန်းသူဖြစ်ပြီးနေတော့ ဘာနံ့မှ၊ အပုပ်နံ့တွေက ရှိတာမှမဟုတ်

တော့ အဲဒီ့အနံ့တွေက ဝင်လို့ မျက်ရည်ကျတာနဲ့ ဘုရင်က မေးရှာတယ်။ အသင့် ခင်ပွန်းမက ဘာဖြစ်တာတုံး။

သူက ဒီလို ဒီလိုပဲ မြောက်ကျွန်းသူလည်း ဖြစ်ပြန်၊ အင်မတန်မှ ရုပ်ရည်ရူပကာကလည်း နူးညံ့ပြန်၊ ဘယ်အနံ့မှ ခံနိုင်တဲ့သဘောသတ္တိကလည်းမရှိဘူး။ အခုတော့ အရှင်မင်းကြီး ယပ်ခတ်နေရတာ အရှင်မင်းကြီးကိုယ်ထဲက အပူရှိန်တွေက သူ့မျက်လုံးသွားစူးတာ၊ အဲဒါကြောင့် မျက်လုံးက နူလွန်းလို့ မျက်ရည်ကျတာ (မှန်လှပါဘုရား)။

## ခန္ဓာကိုယ်ရှိတော့ မျက်ရည်ကျမလွတ်ပါ

ဒီတော့မှ ရှင်ဘုရင် အံ့အားသင့်သွားတာ (မှန်ပါ့)၊ အဲဒါ အင်မတန်ချမ်းသာတာတောင်မှ ကြည့်စမ်း ခန္ဓာကိုယ်ရှိတော့ မျက်ရည်ကျလွတ်ရဲ့လား (မလွတ်ပါဘုရား)။

အဲ. . . သူ့ထက်ချမ်းသာတာတော့ လောကကြီးထဲမှာမရှိတော့ဘူး (မှန်ပါ့ဘုရား)၊ မရှိဘူး၊ ရှင်ဘုရင်တွေဆိုတာ သူ့အောက်ချည်းပဲ ချမ်းသာတဲ့ဘက်ကဖြင့် (မှန်လှပါဘုရား)၊ သူက အချမ်းသာဆုံးပဲ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။ အဲဒီ လောက်ချမ်းသာတာတောင် မျက်ရည်ကျလွတ်ရဲ့လား (မလွတ်ပါဘုရား)။

## ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိနေပါ

အဲဒီတော့ ဒီဒကာ ဒကာမတွေမှာလည်း ဝေဒနာကို ရှုလိုက်လို့ရှိရင်ဖြင့် ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပြီး ပျက်တာလေးကို ဒကာ ဒကာမတွေက ဖြစ်ပျက် မတွေ့ချင် နေပါစေ၊ ဝေဒနာပေါ်တိုင်း ပေါ်တိုင် သိနေရင်ပဲ ဖြစ်ပျက် တွေ့နေပြီ (မှန်ပါ့)။

အဲဒီကဲ့သို့ သိနေရင်ဖြင့် သုခပေါ်လည်း ဝမ်းသာတဲ့ စိတ်ကလေးပေါ်လည်း သိ၊ ဝမ်းနည်းတဲ့စိတ်ကလေးပေါ် လည်း သိ၊ ရှုတဲ့ ရှုိက်တဲ့စိတ်ကလေးပေါ်လာရင်ကော (သိ ရမှာပါဘုရား)။ သိရမယ်၊ နားထဲက ကြားတဲ့စိတ်ကလေး ပေါ်လာရင်လည်း (သိရမှာပါဘုရား)။

## သိတာဟူသရွေ့ ဝိဇ္ဇာ

အကုန်သာသိပေး (မှန်ပါ့ဘုရား)၊ သိပေးသည်နှင့် တစ်ပြိုင်နက်တည်း သိတာဟူသရွေ့ ဝိဇ္ဇာ၊ ဝိဇ္ဇာလာကတည်း က တဏှာ နေနိုင်သေးရဲ့လား (မနေနိုင်တော့ပါဘုရား)။ ဩော်. . . အဝိဇ္ဇာ တဏှာ ချုပ်ကတည်းက ဒကာ ဒကာမ တို့ ခု နင်ကလို ချမ်းသာတာ မပြောပါနဲ့၊ ခန္ဓာမရှိဘဲနဲ့ ကျန်း မာချမ်းသာပြီး လိုရာပြည့်စုံတဲ့သဘောသာ ကျန်တော့တယ် (မှန်လှပါဘုရား)။

ဘယ်လောက်များ အဖိုးတန်တုံး (တန်ပါတယ် ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဘာအရေးတကြီး ရှိပါလိမ့် မတုံးဆိုတော့ အပျင်းကလေး ဝမ်းထဲက ထုတ်ပစ်ပေါ့ (မှန် လှပါဘုရား)။ သဘောကျပလား (ကျပါပြီဘုရား)။

## ရှုတာက မဂ္ဂသစ္စာ

အပျင်းကလေး ဝမ်းထဲက ထုတ်ပစ်လိုက်လို့ရှိရင် မခြုံတို့ မရီတို့ ကျေးဇူးမများပေဘူးလား (များပါတယ်ဘုရား)၊ ပေါ်တိုင်း ပေါ်တိုင်း ကျုပ်တို့သည်ကားဆိုလို့ရှိရင်၊ အင်း. . ဒါကလေး ဖြစ်ပျက်ပဲလို့ ရှုပေးလိုက်လို့ရှိရင်၊ ဖြစ်ပျက်က ဒုက္ခ သစ္စာ၊ ရှုတာက ဘာတဲ့တုံး (မဂ္ဂသစ္စာပါဘုရား)။

အဲဒီတော့ မင်္ဂရတယ်ဆိုမှ ဒကာ ဒကာမတို့သည် ကိလေသာရန်သူကို သေသောကြောင့် ပျော်ပျော်နေလိုက် တာပေါ့ (မှန်ပါ့)။

## အခုပျော်ချိန်မဟုတ်သေးဘူး

ဒါဖြင့် အခုပျော်ချိန်မဟုတ်သေးဘူး။ ဟုတ်လား (မှန်ပါ့)၊ လေယာဉ်ပျံတွေက ခေါင်းပေါ်က ဝဲနေပြီး၊ စက် သေနတ် ပစ်နေတဲ့အထဲက ပျော်လို့ရှိရင်ဖြင့် ဒီလူရူးလို့ဖြစ် လိမ့်မယ် (မှန်ပါ့ဘုရား)။

ဒီမှာလည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီလို အရှုးလည်း မဆိုချင်ပါဘူး (မှန်ပါ့ဘုရား)၊ ဒီလိုအရှုးလည်း မဆိုချင်ဘူး။ အခုအချိန် ပျော်ချိန်မဟုတ်သေးဘူးလို့လည်း ပြောပါတယ် (မှန်လှပါဘုရား)။

ဘာဖြစ်လို့တုံး ကိလေသာရန်သူတွေက သတ်မလို့ ဖြတ်မလို့ ခင်ဗျားတို့ဝမ်းထဲက မထွက်သေးခင် ပျော်နေလို့ ရှိရင်ဖြင့် ဒါဟာ ခုနင်က အရှုးပျော်မဆိုသော်လည်း ဆိုဘိ သကဲ့သို့ အရှုးပျော်ပဲ ပြန်ကျမှာပဲ (မှန်ပါ့ဘုရား)။

## ဝေဒနာပေါ်တိုင်း ရှုရင် ကိလေသာချုပ်တယ်

ကဲ. . . ကြောက်စရာမကောင်းဘူးလား (ကောင်း ပါတယ်ဘုရား)၊ အေး ဒါကြောင့် ဒကာ ဒကာမတွေ ခင်ဗျားတို့တွေ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ရှုခဲ့လို့ရှိရင်ဖြင့် ဝိဇ္ဇာပေါ်၍ အဝိဇ္ဇာချုပ်သည် (မှန်လှပါဘုရား)။

ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်မယ် (ဝိဇ္ဇာ ဖြစ်အောင် လုပ်ရမှာပါဘုရား)၊ ရှုခဲ့သော် ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ရှုကြလို့ရှိရင် ဘာဖြစ်မယ် (ဝိဇ္ဇာဖြစ်ပါတယ် ဘုရား)။ အေး. . . ဝိဇ္ဇာဖြစ်၍ (အဝိဇ္ဇာချုပ်မှာပါဘုရား)။ အဝိဇ္ဇာချုပ် (မှန်လှပါဘုရား)၊ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ရှုရင်ဘာဖြစ်မယ် (အဝိဇ္ဇာချုပ်၍ ဝိဇ္ဇာဖြစ်ပါတယ်ဘုရား)

အေး. . . ဝိဇ္ဇာဖြစ်၍ အဝိဇ္ဇာချုပ်တယ် (မှန်ပါ့)။

ဝိဇ္ဇာဆိုလို့ရှိရင် ဝိဇ္ဇာမဂ္ဂင် (မှန်ပါ့)၊ မဂ်ပေါ်လို့ ကိလေသာချုပ်၊ အဝိဇ္ဇာဆိုတဲ့ ကိလေသာချုပ် (မှန်ပါ့)၊ တဏှာဆိုတဲ့ ကိလေသာချုပ်။

အဲဒီတော့ ဒကာ ဒကာမတို့ အဝိဇ္ဇာတဏှာချုပ်တဲ့ ပုဂ္ဂိုလ်မှန်ခဲ့လို့ရှိရင်ဖြင့် သံသရာမှာ အိုဘေး နာဘေးတွေပေါတဲ့ လမ်းကြမ်းကြီးထဲ ကျုပ်တို့ ခင်ဗျားတို့ သွားဖို့လိုသေးသလား (မလိုတော့ပါဘူးဘုရား)။

အခုတော့ဖြင့်တဲ့ အဲဒီတရားနှစ်ခု မချုပ်သေးတဲ့အတွက် ခင်ဗျားတို့သည် ဒီဘဝမှာ အဝတ်ကလေးဝတ်ပြီးနေရငြားသော်လည်း နောင်ဘဝတိရစ္ဆာန်ဖြစ်တော့ အဝတ်မဝတ်ရတော့ဘူး (မှန်လှပါဘုရား)။ အရှက်တကွဲ အကျိုးနည်း မဖြစ်ပေဘူးလား (ဖြစ်ရပါတယ်)။

## မျက်ရည်မကျချင်ရင်

အဲဒီတော့ အရှက်တကွဲ အကျိုးနည်း ဇာတ်သိမ်းချင်ရင် ဝေဒနာပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်ရှု (မှန်လှပါဘုရား)၊ ဟုတ်လား. . . မျက်ရည်ကြီးငယ် မကျချင်ရင်လည်း (ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုပါဘုရား)။

သူများက အသုဘကြီးဆိုတဲ့ဥစ္စာ ခင်ဗျားတို့ သေတိုင်း သေတိုင်း အပြောခံရမှာ (မှန်လှပါဘုရား)၊ ဟုတ်ဘူး

လား၊ အသုဘဆိုတာ ဒီအိမ်မှာ မတင့်တယ်တာဖြစ်နေတယ် ပြောတာမဟုတ်လား (မှန်လှပါဘုရား)။

## ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှု

အဲဒီလို နာမည်ဆိုးကြီး ပျောက်ချင်ရင်လည်း ဘာလုပ်ရမှာလဲ (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဝေဒနာပေါ်တိုင်းသာ ပေါ်တိုင်း ဖြစ်ပျက်ရှုရလိမ့်မယ်။ အဲဒီတော့ ဖြစ်ပျက်ကို မရှုမိလိုက်လို့ရှိရင်ဖြင့်လည်း အပျင်း အပြင် မထွက်လို့ပဲ (မှန်ပါ့)။

ဒါဖြင့် ပျင်းတဲ့ပုဂ္ဂိုလ်သည်ကားဆိုလို့ရှိရင် တစ်နေ့လုပ်ရမည့်အလုပ်ကို ရက်ပေါင်းများစွာလုပ်လည်း ပြီးပါ့မလား (မပြီးနိုင်ပါဘုရား)၊ မပြီးနိုင်ဘူး။ ဒါဖြင့် အပျင်းကလေးကို အပြင်ထုတ်ပစ်လိုက်လို့ရှိရင်ဖြင့် ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိနေသောကြောင့် ခင်ဗျားတို့ သံသရာစခန်း သတ်ပြီး သကာလ ရက်ရှည်ကြီး မျောနေစရာ လိုသေးသလား (မလိုတော့ ပါဘုရား)။

## ဝေဒနာပေါ်တိုင်း အလုပ်လုပ်ပါ

သံသရာစခန်းမှာ ရက်ရှည်ကြီးမျောနေဖို့ လိုသေးသလား (မလိုတော့ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်းသာ အလုပ်လုပ်ပါ (မှန်လှပါဘုရား)။

တပည့်တော် တစ်ခု လျှောက်ပါရစေဦးဘုရား၊ နာရီလဲ အချိန်စေ့ပါပြီ၊ အရှင်ဘုရား ကြွသွားတော်မူတဲ့နောက်ကို တပည့်တော်တို့ ဘယ်လိုတရားနဲ့ စောင့်ရှောက်ရမှာလဲဘုရား၊ တပည့်တော်တို့က နာချိန်ကျနာချင် သေးတာဘုရား။ (ဒကာစိန်၏လျှောက်ထားချက်)

ဩော်. . . နာတရား လျှောက်နေတာလား (တင်ပါ့ဘုရား)၊ အေး. . နာတရားကတော့ ခန္ဓာကိုယ်ကြည့်နာ (တင်ပါ့ဘုရား)၊ ဟုတ်ပလား (တင်ပါ့)။ ခန္ဓာကိုယ်ထဲက သူက ပြောလိမ့်မယ်၊ ခန္ဓာက ပြောလိမ့်မယ် (မှန်ပါ့ဘုရား)။

ခန္ဓာက ပြလိမ့်မယ်၊ ကျုပ် ယားလာပြီ၊ ဟော. . . ဒါတရားဟောလာပြီ၊ အဲဒါ မင်းဖြစ်ပျက်မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ ဝမ်းသာလာရင်ကော (ဖြစ်ပျက်ရှုမှာပါဘုရား)။ ဖြစ်ပျက်သူက တရားဟောပြီလေ (မှန်လှပါဘုရား)။

## ခန္ဓာကိုယ် အပ်ထားခဲ့မယ်

ခင်ဗျားက နာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ခန္ဓာကိုယ်က တရားမဟောဘူးလား (ဟောပါတယ်ဘုရား)။

ကဲ. . . ဟောလို့ရှိရင် ခင်ဗျားက ဘယ့်နှယ်လုပ်ရမယ် (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ရှုတာက တရားနာတာပဲ (မှန်လှပါဘုရား)၊ ဟုတ်ပါပေတယ်၊ ဟုတ်ပါပေတယ်

သာ လိုက်ပေး (မှန်ပါ့ဘုရား)။

အင်း. . . ဖြစ်ပြီး ပျက်ပါပေတယ်၊ ဖြစ်ပြီးပျက်ပါပေတယ်ဆိုရင် သာခုခေါ် နေတာနဲ့ ထူးသေးရဲ့လား (မထူးပါဘူးဘုရား)၊ ဒါဖြင့် ခန္ဓာကိုယ် အပ်ထားခဲ့မယ် (မှန်လှပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ရှုတတ်ပလား (တင်ပါ့ဘုရား)။

ကဲ ဒီနေ့ ဒီတွင် တော်ကြဦးစို့။

သာခု. . . သာခု. . . သာခု. . .